မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၅၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ မဟာဗုဒ္ဓဝင်လေးတော်တင်ခန်းဇာတ်တော်ကြီးနှင့် ပဒေသာယိမ်းအကများ ဖျော်ဖြေတင်ဆက်မှု ကြည့်ရှုအားပေး

ကြည့်ရှုအားပေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ "မဟာဗုဒ္ဓဝင် လေးတော်တင်ခန်း" ဇာတ်တော်ကြီးနှင့် ပဒေသာယိမ်းအကများ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၄

မြန်မာ့ယဉ်ကျေးမှု အနုသုခုမများ ဖော်ထုတ်ပြသရန်နှင့် မြန်မာ့သဘင်လောကတွင် နေတစ်ဆူ လတစ်ဆူပမာ ထင်ရှားခဲ့ကြသော ပညာရှင်ကြီးများအား ပြန်လည်အမှတ်ရဂုဏ်ပြုရန်အတွက် အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ "မဟာဗုဒ္ဓဝင်လေးတော်တင်ခန်း" ကို ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ရွှေတံဆိပ်ဆုများရှင် မင်းသားဉာဏ်ဝင်း၊ မင်းသားသန်းစိုး၊ မင်းသမီးမြင့်မြင့်ကြည်တို့က "ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်း"များဖြင့် လည်းကောင်း၊ အက၊ အလှ၊ ပဒေသာယိမ်းများဖြင့်လည်းကောင်း၊ အကယ်ဒမီ ခီရာမိုရ်၊ စိုးစန္ဒာထွန်း၊ ဖိုးသောကြာတို့၏ မြန်မာသံတေးသီချင်းများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်မှုကို ယမန်နေ့ည ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပွဲကြည့်ပရိသတ်များ တက်ရောက်၍ ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

လောင်းမတ်ချ်-၇ မျိုးဆက်သစ်ဒုံးပျံ တရုတ် လွှတ်တင်မည်

စာ - ၄

အဆိုတော် မာရိုင်းကာရေး ပထမဆုံးအကြိမ် စတိတ်ရှိုး ဖျော်ဖြေ

စာ - ၅

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲ လက်ရှိချန်ပီယံ ကလစ်ချ်ကို အလဲထိုး အနိုင်ယူ

စာ - ၅

ရေနံ့သာမောင်ကျော်ညွန့်၏ 'ရှေ့မှာကမ်းခြေ'

စာ - ၇

စပါးအပြင် ဆောင်းသီးနှံဂေါ်ဖီ၊ ဖရဲတို့ ဖြစ်ထွန်းရာ ဘိုင်းဒါးကျေးရွာ

သတင်းမြင်ကွင်း-သတင်းထောက်-ပိန်းဇလုပ် သိန်းညွန့်

ဓာတ်ပုံမှတ်တမ်း-ရန်အောင်ထွန်း(ပိန်းဇလုပ်)

ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ရန်ကုန်-မန္တလေးလမ်းနံဘေး ဘိုင်းဒါးကျေးရွာ၌ ကုန်စိမ်းလှည်းများ၊ ကုန်စိမ်းတင် မော်တော်ကားကြီးများဖြင့် အထူးစည်ကားလှ၏။

ဘိုင်းဒါးကျေးရွာသည်ကား ပဲခူးခရိုင် ညောင်လေးပင်မြို့နယ်အတွင်းရှိ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ဖရဲ၊ ပြောင်း၊ ခရမ်းချဉ်၊ ခရမ်းချို၊ ငရုတ် အစရှိသဖြင့် ကုန်စိမ်းများရောင်းဝယ်ရာ၊ အနယ်နယ် အရပ်ရပ်သို့ တင်ပို့ရောင်းချရာ စုရပ်နေရာဖြစ်သည်။ ထိုကျေးရွာတွင် ကုန်စိမ်းကားကြီးများ စောင့်ဆိုင်းကြပြီး အဆိုပါ ကုန်စိမ်းတင်ကားကြီးများပေါ်သို့တင်ရန် ကုန်စိမ်းလှည်းတန်းများ စုဝေးရောက်ရှိလာလေ့ ရှိသည်။

ယင်းဘိုင်းဒါးကျေးရွာ ပြွန်တန်ဆာလွင်ပြင်ဒေသသည် ယခင်ကမိုးရာသီတွင် ရေကြီး၊ ရေနက်ကွင်းများဖြစ်နေသည့် ဒေသဖြစ်ရာ ရေလွှမ်းမိုးမှုများမှ ကာကွယ်ပေးရန်ယခုဘိုင်းဒါးနှင့် ရဲနွယ်ရေလှောင်တမံများကို တည်ဆောက်ပေးခဲ့၍ ရေလှောင်တမံများမှ ရေကိုထိန်းချုပ်သိုလှောင်ပေးခြင်းအားဖြင့် မိုးရာသီရေလွှမ်းမိုးမှုမရှိတော့ဘဲ ဒေသခံတောင်သူများအနေဖြင့် မိုးစပါးသာမက နွေစပါးနှင့် သီးထပ်သီးညှပ်များကိုပါ အောင်မြင်စွာ စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

သတင်းအဖွဲ့သည် အဆိုပါ ကုန်စိမ်းများ အဓိကထွက်ရှိရာ ဘိုင်းဒါးကျေးရွာရှိ တောင်သူများ၏ စိုက်ခင်းများရှိရာသို့ ထွက်ခွာခဲ့ရာ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ဖရဲ၊ ပြောင်းဖူး၊ ငရုတ်၊ ခရမ်းချဉ်သီးစိုက်ခင်းများဖြင့် စိမ်းစိုဝေဆာဖြစ်ထွန်းနေသည်ကို တွေ့လိုက်ရသည်။ ပန်းဂေါ်ဖီပွင့်များကလည်း အားရဖွယ် ဖွံ့ဖြိုးကြီးထွားလှသည်။

ဘိုင်းဒါးကျေးရွာမှ ဖရဲစိုက်ခင်းကို ဤသို့ တွေ့ရသည်။

ပန်းဂေါ်ဖီစိုက်ခင်းတွင် ဆွတ်ခူးရိတ်သိမ်းရန် ပြင်ဆင်နေသော တောင်သူ ဦးမင်းဌေးအား ပန်းဂေါ်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ မေးမြန်းကြည့်ရာ "ကျွန်တော်ကတော့ ဘိုင်းဒါးရွာမှာနေပါတယ်။

စာမျက်နှာ ၈ ကော်လံ ၂

လွန်ခဲ့သော နှစ်ပေါင်း ၇၇ နှစ်က ပျက်ကျခဲ့သော လေယာဉ်ပျက် ရေးမြို့နယ်၌ ရှာဖွေ

ရေး မတ် ၄

မွန်ပြည်နယ် ရေးမြို့ အံ့ဒင်ကျေးရွာအုပ်စု အေးကျွန်းအနီး ၁၉၃၅ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ပျက်ကျခဲ့သော Lady Souther Cross လေယာဉ်ပျက်ကို ရှာဖွေရန်နှင့် မှတ်တမ်းတင်ရိုက်ကူးရန် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီအခြေစိုက် Animax Films မှ MD Mr. Damienlay ခေါင်းဆောင်သည့် ငါးဦးအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက်က ရေးမြို့သို့ ရောက်ရှိခဲ့ကြသည်။ အဆိုပါအဖွဲ့သည် ရေးမြို့တွင် နေထိုင်ရင်း မတ် ၇ ရက်အထိ လေယာဉ်ပျက်ရှာဖွေခြင်းနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နေမျိုးထွဋ်(ရေး)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ် ၅ ရက်)

တိုးချဲ့ မြှင့်တင်အသုံးပြုသင့်သော ကွန်ပျူတာ နည်းပညာများ

မျက်မှောက်ခေတ်သည်ကား အိုင်တီခေတ်၊ နည်းပညာခေတ်၊ အင်တာနက်ခေတ်၊ ကွန်ပျူတာခေတ် စသည်ဖြင့် နာမည် နာမအမျိုးမျိုး ခေါ်ဝေါ်ကြသည်။ မည်သို့ပင်ရှိစေကာမူ နည်းပညာအသုံးချလုပ်ငန်းမှန်သမျှ ကွန်ပျူတာအသုံးချရမည့် ခေတ်သို့ ရောက်ရှိခဲ့ပေပြီ။

ကွန်ပျူတာများကို နည်းပညာအသုံးချလုပ်ငန်း နယ်ပယ်တို့တွင်သာမက အခြားသော လူမှုရေး၊ စီးပွားရေးလုပ်ငန်းများပင် သုံးစွဲနေကြပြီဖြစ်သည်။ လုပ်ငန်းများတွင် ကွန်ပျူတာအသုံးချ သုံးစွဲခြင်းသည် လုပ်ငန်းကို မြန်ဆန်စေသည်။ တိကျစေသည်။ ခေတ်မီစေသည်။ ကြီးမားသော လုပ်ငန်းဝန်ဆောင်မှုများကို ပေးနိုင်သည်။

ယနေ့ ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် ကွန်ပျူတာနည်းပညာကို တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်သည်။ နေအိမ်လုံခြုံရေးစနစ်မှအစ မော်တော်ကားစက်ရုံများအထိ ကွန်ပျူတာစနစ်ကို မသုံးမဖြစ် သုံးစွဲနေကြပြီဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည်ပင်လျှင် ကွန်ပျူတာစနစ် သုံးစွဲနေကြပြီဖြစ်သည်။ နောင်တွင် ကွန်ပျူတာမသုံးသည့် လုပ်ငန်းများကို ကွန်ပျူတာသုံးသော လုပ်ငန်းများက ကျော်တက်သွားနိုင်သည်။

မြန်မာနိုင်ငံတွင် ယနေ့ခေတ်ကာလတိုးတက်မှုနှင့် နှိုင်းစာလျှင် ကွန်ပျူတာအသုံးချမှု နည်းပါးနေသေးသည်။ အစိုးရ ရုံးများ၊ ကုမ္ပဏီများနှင့် မီဒီယာလုပ်ငန်းများတွင်သာ ကွန်ပျူတာသုံးစွဲလျက်ရှိသည်။ အခြားသော ပုဂ္ဂလိကလုပ်ငန်းများတွင် ကွန်ပျူတာအသုံးချမှုလိုအပ်လျက်ရှိပေသည်။ ခေတ်နှင့်လျော်ညီစွာ ကွန်ပျူတာ အသုံးချမှုကို မြှင့်တင်ရပေမည်။

မကြာမီက အမေရိကန်နိုင်ငံမှ ကုမ္ပဏီတစ်ခုသည် နေအိမ်များကို ကွန်ပျူတာနည်းပညာအသုံးချပြီး အသင့်နေနိုင်သော နေအိမ်များ ဆောက်လုပ်ကာ ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိသည်ကို ရုပ်မြင်သံကြားတွင် ကြည့်ရှုလိုက်ရသည်။ ကွန်ပျူတာနည်းပညာအသုံးချဆောက်လုပ်ထားသော နေအိမ်များသည် တောင့်တင်းခိုင်မာမှု အပြည့်အဝရှိသည်။ အိမ်တစ်လုံး၏ တည်ဆောက်မှုကို ကွန်ပျူတာဖြင့် ပုံဖော်တည်ဆောက်နိုင်သည်။ ဤသည်မှာ ကွန်ပျူတာနည်းပညာကို ခေတ်နှင့်လိုက်လျောညီထွေစွာ၊ ကျယ်ပြန့်စွာ အသုံးပြုလာသည့် သဘောပင်ဖြစ်၏။ နေအိမ်များကို သာမန်ဗိသုကာအတတ်ပညာ၊ အင်ဂျင်နီယာနည်းပညာများ အသုံးပြုဆောက်လုပ်သင့်သော်လည်း ကွန်ပျူတာစနစ်ဖြင့် တွက်ချက်ဆောက်လုပ်ခြင်းသည် ခေတ်၏တောင်းဆိုမှုနှင့်လည်း အံဝင်ခွင်ကျဖြစ်စေသည်။

အဆိုပါကွန်ပျူတာနည်းပညာများကို အခြားသောစက်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ ဘဏ်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ စသော နယ်ပယ်အများအပြားတွင် သုံးစွဲနေကြပြီဖြစ်သည်။

ယနေ့ လူငယ်များအကြား အီးမေးလ်ဆက်သွယ်ပြောဆိုမှု၊ အင်တာနက် အသုံးပြုမှုများသည်ကား ဆက်သွယ်ရေးစနစ်တိုးတက်ပြောင်းလဲလာမှုအဆင့်မျှသာ ရှိချေသည်။ လုပ်ငန်းခွင်သုံး ကွန်ပျူတာ အသုံးချမှု မဖြစ်သေးပေ။ အမှန်တကယ် လုပ်ငန်းခွင်သုံးကွန်ပျူတာစနစ်များ ရှင်သန်ခိုင်မာအောင် ပြုစုပျိုးထောင်ကြရပေဦးမည်။

ကျွန်ုပ်တို့နိုင်ငံတွင် ကွန်ပျူတာအသုံးချနည်းပညာများ ဆပွားပေးနိုင်မည့် ကွန်ပျူတာ တက္ကသိုလ်ကြီးများနှင့် နည်းပညာတက္ကသိုလ်များ နိုင်ငံအနှံ့အပြား၌ ဖွင့်လှစ်ပေးထားပြီဖြစ်သည်။ ဤတက္ကသိုလ်ကြီးများမှ မျိုးဆက်သစ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနေပြီဖြစ်သည်။ နောင်အနာဂတ်တွင် လူငယ်အရင်းအမြစ်များသည် ကွန်ပျူတာအသုံးချလုပ်ငန်းခွင်အသီးသီးသို့ စီးဝင်လာကြတော့မည်ဖြစ်သည်။

ထိုသို့ ကွန်ပျူတာအတတ်ပညာရှင် လူငယ်လူရွယ်များ ပေါ်ထွန်းလာသည်နှင့်အမျှ စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ ကုမ္ပဏီများ စသည်တို့တွင် ကွန်ပျူတာနည်းပညာအသုံးချမှုများ တိုးချဲ့မြှင့်တင်ဆောင်ရွက်သွားသင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

ပုသိမ်ရှေ့နေများအသင်း စိန်ရတုသဘင်အခမ်းအနားကျင်းပ

ပုသိမ် မတ် ၄

ပုသိမ်ရှေ့နေများအသင်း (၇၅)နှစ်မြောက် စိန်ရတုသဘင်အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်သိန်းတို့က အမှာစကားပြောကြားပြီး ပုသိမ်ရှေ့နေများအသင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလှူငွေကျပ် ၅၀၀၀၀၀ နှင့် တရားလွှတ်တော်ချုပ် တရားသူကြီးက အလှူငွေကျပ် ၁၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သုတအိမ်စာကြည့်တိုက် မင်းတုန်းမြို့နယ် မင်းတပ်ကျေးရွာ၌ဖွင့်

မင်းတုန်း မတ် ၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် မင်းတပ်ကျေးရွာ သုတအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၁၁နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ ရွာဦးကျောင်းဆရာတော် ဦးကုန္ဒာစရိယ၊ မင်းတုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ မင်းတပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းကြိုင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ငွေပဒေသာပင် စာအုပ်စာစောင်လှူဒါန်းပွဲ ကျင်းပရာ မင်းတုန်းမြို့နယ်အုပ်ချုပ်ရေးမှူးက စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ်ရှစ်သောင်းနှင့် စာအုပ်စာစောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်ကြင်သန်းက သုတ၊ ရသစာအုပ်စာစောင် ၁၀၀ နှင့် အရေးကြုံရင်ကြေးမုံရှိတယ် ဗွီစီဒီခွေကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါစာကြည့်တိုက်မှာ ရွာဦးကျောင်း ဆရာတော် ဦးဆောင်၍ ကျေးရွာသူကျေးရွာသားများထည့်ဝင်ငွေကျပ် ၁၂သိန်းဖြင့် ဆောက်လုပ်သည့် အုတ်ပတ်ကားအဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

အောင်လံ မတ် ၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ် (၉၆) သစ်စက်တွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးသူရဝင်းက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်း၊ သစ်စက်ဝန်းကျင်တွင် မီးလောင်လွယ်သော အမှိုက်သရိုက်များ ရှင်းလင်းရေး၊ မီးချိတ်၊ မီးကတ်၊ သဲ၊ ရေပုံး၊ သဲအိတ်များ စနစ်တကျထားရှိရေးနှင့် မီးလောင်မှုဖြစ်စဉ်သာဓကများအား ရှင်းလင်းဆွေးနွေးပြီးနောက် မီးသတ်ယာဉ်၊ စက်ရုံပိုင် မီးသတ်စက်၊ မီးသတ်ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့တို့မှ မီးငြိမ်းသတ်ရေးလုပ်ငန်း လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အလုပ်ရုံဆွေးနွေးပွဲ ကုန်သည်/စက်မှုအသင်းချုပ်၌ ကျင်းပမည်

ရန်ကုန် မတ် ၄

ထိုင်းနိုင်ငံ National Institute of Metrology (Thailand) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက် ကျင်းပမည့် seminar and workshop on "Measurement Standards in Myanmar" ကို မတ် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တာ ကျင်းပမည်ဖြစ်သည်။ အင်္ဂလိပ်စာ/စကား တတ်ကျွမ်း ပြောဆိုနားလည်သူ၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ စက်မှုလုပ်ငန်းများမှ Executives များ၊ အင်ဂျင်နီယာဘာသာ၊ ဘာသာရပ်များနှင့်သက်ဆိုင်သူများ တက်ရောက်ရန်လျှောက်ထားနိုင်ပြီး အချိန်ပြည့် တက်ရောက်နိုင်ရမည်ဖြစ်သည်။ ကုန်သည်/စက်မှုအသင်းချုပ် (သို့မဟုတ်) ညီနောင်အသင်းများမှ အသင်းဝင်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ ဝန်ထမ်းများလည်း လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower၌ ရယူပြီး မတ်၁၂ရက်နောက်ဆုံး ထားပြီး လျှောက်ထားရမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက UMFCCI Training Institute ဖုန်း-၂၁၇၄၈၀၊ ၂၁၄၃၄၄ မှ ၂၁၄၃၄၉ တို့ထံသို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

သိန်းနီမြို့နယ်၌ ကတ္တရာထပ်ပိုးလွှာခင်း လမ်းသစ်ဖွင့်

သိန်းနီ မတ် ၄

သိန်းနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော အမှတ်(၃) ရပ်ကွက် ဗန္ဓုလလမ်းကတ္တရာထပ်ပိုးလွှာခင်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကျော်က ဗန္ဓုလလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဖော်ဒါထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်စောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** အဆိုပါလမ်းမှာ အရှည်ပေ ၉၂၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၈၇၃၀၆၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ မော်လမြိုင်တက္ကသိုလ်၌ကျင်းပ

မော်လမြိုင် မတ် ၄

မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ပင်မဆောင် အခန်း (၁၅)၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက အင်္ဂလိပ်စာဌာနမှ ကြီးမှူးကျင်းပသော ဘာသာရပ်ပေါင်းစုံ အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲကိုကျင်းပရာ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဌေးအောင် တက်ရောက်အမှာစကား ပြောကြားသည်။

ပါဝင်ယှဉ်ပြိုင်

အစီအစဉ်အရ ပြိုင်ပွဲဝင်များက တစ်ဦးချင်းမဲနှိုက်၍ ကျရာခေါင်းစဉ်များဖြင့် အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ ဆုရရှိသူများနှင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် အင်္ဂလိပ်စာဌာန အခန်း ၃၀၃တွင် ကျင်းပခဲ့သောအင်္ဂလိပ်ဘာသာ (Essay Competition) စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ရာ မော်လမြိုင်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ ဌေးအောင်က အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲ ပထမဆုရရှိသော မသစ်ဦးဇင်အားလည်းကောင်း **(အောက်ပုံ)** အင်္ဂလိပ်စာဌာနမှ ပါမောက္ခဌာနမှူး ဒေါ်နှင်းနှင်းဝေက အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲ၌ပထမဆုရရှိသော မဇင်မေချိုအားလည်းကောင်း၊ ကျန်ရှိသော ဆုများနှင့် ဂုဏ်ပြုလက်မှတ်များကို သင်တန်းရေးရာ/ ကျောင်းသားရေးရာ ဌာနများမှ ပါမောက္ခဌာနမှူးနှင့် ဌာနမှူးများက ဆုများချီးမြှင့်ခဲ့ကြသည်။

ယခုကျင်းပသော အင်္ဂလိပ်စာဘာသာ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတို့သည် မော်လမြိုင်တက္ကသိုလ်၌ စတုတ္ထအကြိမ် ကျင်းပခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စေရန်နှင့်မော်လမြိုင်တက္ကသိုလ်၏ ဂုဏ်ကို မြှင့်တင်နိုင်ရန်အတွက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

တာချီလိတ်မြို့၌ စာပေဟောပြောပွဲကျင်းပ

တာချီလိတ် မတ် ၄

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ စာပေဟောပြောပွဲကိုဖေဖော်ဝါရီ ၁၆ ရက် ည ၇ နာရီက အောင်မြတ်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် စာရေးဆရာကြီးများဖြစ်ကြသော ချစ်နိုင် (စိတ်ပညာ)က စိတ်ကောင်းရှိဖို့ပထမ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ကိုရိုးကွန့်က လမ်းဖွင့်မှ လမ်းပွင့်မည်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ အကြည်တော်က လမင်းဖမ်းပွဲ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားတက်ရောက်၍ ဂုဏ်ပြုဆုငွေများချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၄

၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်၍ ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ နာယကများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက "အာဒမ်ရယ် ဧဝရယ် ဒသရယ်" ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရရှိသည့် ပြေတီဦးနှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသည့် သက်မွန်မြင့်တို့အား ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက "ပင်လယ်ထက်က နေဝန်းနီ"ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုနှင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုရရှိကြသည့် ခင်မောင်ဦးနှင့်စိုးသိမ်းထွဋ်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက "ပင်လယ်ထက်က နေဝန်းနီ" ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရရှိသည့် ဝေဠုကျော်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်က "အမေ့ကျေးဇူးဆပ်ဖူးချင်တယ်" ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရရှိသည့် ဝါဝါအောင်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်းက "အငိုမျက်လုံး အပြုံးမျက်နှာ"ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရရှိသည့် မြန်မာပြည်ကျော်စိမ်းနှင့် "ပင်လယ်ထက်က နေဝန်းနီ"ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုရရှိသည့် ဦးမြင့်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ထွန်းဦးက "အာဒမ်ရယ် ဧဝရယ် ဒသရယ်" အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရရှိသည့် Heart N Soul ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်ခင်စန္ဒာမြင့်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက "ပင်လယ်ထက်က နေဝန်းနီ" ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရရှိသည့် ပန်းချီစိုးမိုးတို့အား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အခမ်းအနားဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသည့် SKY NET နှင့် ရွှေ FM ကိုယ်စား ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဒေါ်နီနီအား ဂုဏ်ပြုလက်မှတ်ပေးအပ်သည်။

ထို့နောက် ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများကိုယ်စား အကယ်ဒမီပြေတီဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က အခမ်းအနားသို့ တက်ရောက်လာကြသော ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ငွေကျပ်သုံးသိန်း၊ SKY NET နှင့် ရွှေ FM က ငွေကျပ်သုံးသိန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းက ငွေကျပ်နှစ်သိန်းနှင့် မင်္ဂလာရုပ်ရှင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်မင်းက ငွေကျပ်နှစ်သိန်း တစ်ဦးလျှင်စုစုပေါင်းငွေကျပ် ၁၀ သိန်းစီကို ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးသက်ဦး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၅

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသက်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဟနွိုင်းမြို့၌ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရွှန်တန်စန်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၅ ရက်က မော်လမြိုင်မြို့ သားဖွားမီးယပ်ဆရာဝန်ကြီး ဒေါက်တာအောင်ထွန်းမိသားစုက မုဒုံမြို့ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးပြီး အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

လှိုင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော အင်္ဂလိပ်ဘာသာ စာစီစာကုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက်က အထက(၁)လှိုင် ဘုရင့်နောင်ခန်းမ၌ကျင်းပရာ အင်္ဂလိပ်စာအမှတ်အများဆုံးဆု ရရှိသော တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရှင် မအိအိမှူးခင် အထက(၂)လှိုင်အား အင်္ဂလိပ်စာဆရာ ဦးကျော်ကျော်စိုး ဆုချီးမြှင့်စဉ်။ (၁၂၂)

အထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ တိုးလာနိုင်

နေပြည်တော် မတ် ၄

ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီးတွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့်ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၈ ဒီဂရီစင်တီဂရိတ်မှ ၁၂ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ မင်းဘူးမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၅၇လက်မ၊ မင်းတပ်မြို့တွင် ၁ ဒသမ ၂၆ လက်မနှင့် ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၀၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေတွင် လှိုင်းအနည်းငယ်မှာ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဖေဖော်ဝါရီ ၁၂ ရက်က တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ မိုးပွင့်အဆင့် (၂)စီမံချက်ဖြင့်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပြီးသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းလွင်တို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တိုင်းရင်းဆေးကုဌာနသို့ အလှူရှင် ၁၇ ဦးက ငွေကျပ် ၄၇၀၀၀၀ တန်ဖိုးရှိ ကွန်ပျူတာနှင့် ပရင်တာတစ်စုံ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အလှူရှင်များကိုယ်စား မြို့နယ်အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်က မြို့နယ်တိုင်းရင်းဆေးမှူး ဦးဆန်းလှိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက် ဘက်လိုက်မှုရှိဟု ဆီးရီးယားအစိုးရဝေဖန်

နယူးယောက် မတ် ၄

ကုလသမဂ္ဂက အတည်ပြုလိုက်သည့် ဆီးရီးယား အစိုးရနှင့်ပတ်သက်သော ဆုံးဖြတ်ချက်မှာ မှားယွင်းပြီး တစ်ဖက်သတ်ဆန်ကာ ဘက်လိုက်မှုရှိကြောင်း ဆီးရီးယားနိုင်ငံက ဝေဖန်လိုက်ကြောင်း မတ် ၄ ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။

ကုလသမဂ္ဂဆိုင်ရာ ဆီးရီးယားသံအမတ်ကြီး ဘရှားဂျာဖာရီက အထက်ပါအတိုင်း ဝေဖန်ပြောကြားလိုက်ခြင်းဖြစ်သည်။ နယူးယောက်မြို့၌ မတ် ၁ ရက်က ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားစဉ် အဆိုပါဆုံးဖြတ်ချက်မှာ ဆီးရီးယားနိုင်ငံ၏ ပကတိအခြေအနေများနှင့် လုံးဝမကိုက်ညီကြောင်း သံအမတ်ကြီး ဘရှားဂျာဖာရီက ပြောကြားသည်။

အတိုက်အခံ ဆန္ဒပြသူများအား အစိုးရက ချေမှုန်းပစ်မှုနှင့် စပ်လျဉ်း၍ အာရပ်အဖွဲ့ချုပ် ကမကထပြု တင်သွင်းသည့် ဆီးရီးယားဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုပေးခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ဩစတြေးလျ၌ မိုးသည်းထန်စွာရွာပြီး ရေလွှမ်း ပြည်သူ ၃၅၀၀ တို့ ဘေးလွတ်ရာပြောင်းရွှေ့

ဆစ်ဒနီ မတ် ၄

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် ဆစ်ဒနီမြို့အနောက်မြောက်ပိုင်းနှင့် အခြားဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းသဖြင့် ထောင်ပေါင်းများစွာသော ပြည်သူတို့ကို နေအိမ်များမှ ထွက်ခွာဖယ်ရှားပေးကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားရသည်ဟုဆို၏။

ဩစတြေးလျနိုင်ငံ၏ လူဦးရေအထူထပ်ဆုံး ယင်းပြည်နယ်၏ ၇၅ ရာခိုင်နှုန်း ရေလွှမ်းနေသည့်အတွက် ပြည်သူ ၃၅၀၀ တို့အား နေအိမ်များမှ ထွက်ခွာကြရန် အမိန့်ထုတ်ထားကြောင်း ဩစတြေးလျ အရေးပေါ်လုပ်ငန်း မဟာမင်းကြီး မာရေးကီးယားက မတ် ၃ ရက်တွင် ပြောကြားသည်။

ပထမဆုံးအကြိမ်

ရက်ပေါင်းအတန်ကြာ မိုးသည်းထန်စွာရွာသွန်းသဖြင့် ဝါရာဂမ်ဘာဆည်တွင် ရေလျှံသွားရာ နှစ်ပေါင်း ၁၄ နှစ်အတွင်း ပထမဆုံးအကြိမ် ရေလျှံခြင်းဖြစ်သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

ကွန်ဂိုနိုင်ငံ မြို့တော်ဘရာဇာဗီလီ၌ ပေါက်ကွဲမှုဖြစ်ပွား လူ ၂၀၀ ခန့် သေဆုံး၊ အများအပြားဒဏ်ရာရရှိ

ကင်ရှာစာ မတ် ၄

ကွန်ဂိုနိုင်ငံ ဘရာဇာဗီလီမြို့တွင် မတ် ၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၀၀ ခန့်သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း **(ဝဲပုံ)**ကွန်ဂိုအရာရှိများက ပြောကြားသည်။

ဖြစ်ပွားမှုမှာ ကွန်ဂိုမြို့တော် ဘရာဇာဗီလီမြို့တွင်ရှိသော မြစ်ကမ်းအနီး၌တည်ဆောက်ထားသည့် စစ်အခြေစိုက်စခန်းရှိ လက်နက်သိုလှောင်ရုံ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့မီးလောင်ပေါက်ကွဲမှုကြောင့် လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ကွန်ဂိုသမ္မတရုံးမှ အရာရှိ တစ်ဦးဖြစ်သည့် ဘီတူဘင်ဂါနာက ပြောကြားသည်။ လက်နက်သိုလှောင်ရုံသည် ပထမဆုံးမီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားခဲ့ရာ အနီးဝန်းကျင်ရှိ နေအိမ်အဆောက်အအုံများလည်း မီးကူးစက်လောင်ကျွမ်းမှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။

ထိုသို့မီးလောင်ပေါက်ကွဲမှုများကြောင့် အနီးဝန်းကျင်တွင်နေထိုင်သော လူထောင်ပေါင်းများစွာကို ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း အနီးရှိ အိမ်နှင့်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၄-၃-၂၀၁၂)

တင်မောင်လွင် - စုစည်းသည်

ပါကစ္စတန်မြောက်ပိုင်းအကြမ်းဖက်မှု ကုလအတွင်းရေးမှူးချုပ်ဝေဖန်

ပါကစ္စတန် နိုင်ငံမြောက်ပိုင်းအကြမ်းဖက်တိုက်ခိုက်မှုတွင် အနည်းဆုံး ရှီးယိုက်မွတ်စလင် ၁၈ ဦး သေဆုံးခဲ့ရမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြင်းထန်စွာဝေဖန်ပြစ်တင်ရှုတ်ချလိုက်ကြောင်း မတ် ၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ ဖေဖော်ဝါရီ ၂၉ ရက်က ကြေညာချက်တစ်စောင်ထုတ်ပြန်ရာ၌ အဆိုပါအကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုများနှင့်တကွ ပါကစ္စတန်အစိုးရထံသို့ ဝမ်းနည်းကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သဝဏ်လွှာပါးလိုက်သည်။ ရဝါဝင်ဒီမြို့မှ ပါကစ္စတန်မြောက်ပိုင်း ဂီလ်ဂစ်မြို့သို့ ဘတ်စ်ကားဖြင့်သွားရောက်စဉ် တောတောင်ထူထပ်သောနေရာအရောက်တွင် တိုက်ခိုက်ခံရပြီး ရှီးယိုက်မွတ်စလင် ၁၈ ဦး သေဆုံးခဲ့ကာ ဒဏ်ရာအများအပြားရရှိကြောင်း သိရသည်။

ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်

ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းရှိ လွိုင်ယက်လ်တီကျွန်းတွင် မတ် ၃ ရက် ပေကျင်းစံတော်ချိန် နံနက် ၈ နာရီ ၁၉ မိနစ်က အင်အား ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်သွားကြောင်း တရုတ်မြေငလျင်တိုင်းတာရေးဌာနက ထုတ်ပြန်ကြေညာသည်။ အဆိုပါငလျင်သည် တောင်လတ္တီတွဒ် ၂၂ ဒသမ ၁ ဒီဂရီနှင့်အရှေ့လောင်ဂျီတွဒ် ၁၇၀ ဒသမ ၃ ဒီဂရီကြား၊ မြေအောက်အနက် ကီလိုမီတာ ၂၀ ၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။

အာဖဂန်တောင်ပိုင်း၌ နိုင်ငံခြားသားတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦးတို့၏ တိုက်ခိုက်မှုကြောင့် အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ကြောင်း အာဖဂန်စစ်ဘက်ဆိုင်ရာမီဒီယာများက မတ် ၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ကန်ဒါဟာပြည်နယ် စစ်စခန်းအတွင်းရှိ နိုင်ငံခြားသား တပ်ဖွဲ့ဝင်များအား အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်နှင့် အရပ်သားတပ်ဦးတို့က မတ် ၁ ရက်တွင် သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း နိုင်ငံတကာလုံခြုံမှုအကူအညီပေးရေးတပ် (အိုင်အက်စ်အေအက်ဖ်) ကြေညာချက်တွင် ဖော်ပြပါရှိသည်။ အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်တစ်ဦးဟု ယူဆရသည့် စစ်ဘက်ဝတ်စုံဝတ်သူတစ်ဦးနှင့် အရပ်သားတစ်ဦးတို့က အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင်များအား ပစ်ခတ်သဖြင့် နိုင်ငံခြားသားတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခြင်းဖြစ်သည်ဟု ဆိုသည်။

ဂျာမနီနိုင်ငံတောင်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ

ဂျာမနီနိုင်ငံ ဖလမ်းဖတ်မြို့အနီး လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုကြောင့် လေယာဉ်ပေါ်လိုက်ပါသူ လေးဦးသေဆုံးပြီး ယင်းသေဆုံးသူများကို လေယာဉ်အပျက်အစီးများကြားမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဂျာမန်ရဲတပ်ဖွဲ့ဝင်များက မတ် ၃ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

Cessna အမည်ရှိ အဆိုပါ လေယာဉ်ငယ်သည် မတ် ၁ ရက်ညနေပိုင်းက ခရီးသည်ငါးဦးအား တင်ဆောင်ပျံသန်းလာစဉ် ဖလမ်းဖတ်မြို့တောင်ပိုင်း အီဂယ်စ်ဘီဒေသအနီး ပျက်ကျခဲ့ပြီး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့များက ပျောက်ဆုံးနေသူတစ်ဦးအား ကြိုးစားရှာဖွေလျက်ရှိကြောင်း၊ ယင်းလေယာဉ်သည် စီးပွားရေးဆိုင်ရာများလုပ်ဆောင်သည့် ဂျက်လေယာဉ်ငယ်တစ်စင်းဖြစ်ပြီး လေယာဉ်မှူးတစ်ဦးနှင့် လက်ထောက်လေယာဉ်မှူးတစ်ဦးအပါအဝင် ခရီးသည်သုံးဦးတို့ လိုက်ပါလာကာ လင်မြို့မှ ဩစတြီးယားသို့အသွား ထိုသို့ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ပွားရသည့် အကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ဝင်များက ဆက်လက်ပြောကြားခဲ့သည်။ *(အင်တာနက်)*

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

လောင်းမတ်ချ်-၇ မျိုးဆက်သစ်ဒုံးပျံ တရုတ်လွှတ်တင်မည်

ပေကျင်း မတ် ၄

တရုတ်နိုင်ငံက လောင်းမတ်ချ်-၇ အမည်ရှိ မျိုးဆက်သစ်ဒုံးပျံ အမျိုးအစားကို တီထွင်ထုတ်လုပ်လျက်ရှိရာ လာမည့်ငါးနှစ်အတွင်း ဂြိုဟ်တုများအား အာကာသသို့ သယ်ဆောင်သွားနိုင်တော့မည်ဖြစ်ကြောင်း တရုတ်အာကာသရေးရာ နည်းပညာအကယ်ဒမီက ဖေဖော်ဝါရီ ၄ ရက်၌ သတင်းထုတ်ပြန်သည်။

လောင်းမတ်ချ်-၇ ဒုံးပျံ **(ယာပုံ)** သည် တရုတ်နိုင်ငံမှ အာကာသကုန်တင်ယာဉ်များကို လွှတ်တင်ရာတွင်လည်း အသုံးပြုသွားမည်ဖြစ်သည်။ လောင်းမတ်ချ်-၇သည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ကုန် ၁၃ ဒသမ ၅ တန် သယ်ဆောင်သွားနိုင်ပြီး အာကာသအမြင့်ပိုင်းရှိ ဂြိုဟ်နှင့်တာရာများသို့ ကုန် ၅ ဒသမ ၅ တန် သယ်ဆောင်သွားနိုင်သည်။ ထို့အပြင် အနာဂတ်ကာလ၌ တရုတ်နိုင်ငံက တည်ဆောက်ထားရှိမည့် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသယာဉ်မှူးများနှင့် ကုန်ပစ္စည်းများကို တင်ဆောင်ပို့ဆောင်ပေးနိုင်ရေးအတွက်လည်း ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၌ ၂၀၁၆ ခုနှစ်၌ ကိုယ်ပိုင် အာကာသယာဉ်စခန်းတစ်ခု တည်ဆောက်ထားရှိရန် စီစဉ်ထားပြီး ၂၀၂၀ ခုနှစ်၌ ၎င်းအာကာသယာဉ်စခန်းသို့ အာကာသယာဉ်မှူးများ စေလွှတ်ရန် မျှော်မှန်းထားသည်။ တရုတ်နိုင်ငံသည် ၁၉၅၆ ခုနှစ်မှ စတင်ကာ ကိုယ်ပိုင်ဒုံးပျံများဖြင့် အာကာသခရီးစဉ်များစေလွှတ်လျက်ရှိရာ လောင်းမတ်ချ်-၁၊ ၂၊ ၃၊ ၄ ဒုံးပျံများဖြင့် လွှတ်တင်လျက်ရှိသည်။ **(အင်တာနက်)**



ခတ္တမန္ဒူမြို့တော်ရှိ ကုန်စိမ်းဈေးကြီး မီးလောင် ခြောက်ဦးသေဆုံး

ခတ္တမန္ဒူ မတ် ၄

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ ဟင်းသီးဟင်းရွက်ရောင်းချသော ကုန်စိမ်းဈေးကြီးတွင် မတ် ၃ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ဈေးအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ခတ္တမန္ဒူမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ကုန်စိမ်းဈေးသည် ခတ္တမန္ဒူမြို့တော်၌ အကြီးမားဆုံးဈေးကြီးတစ်ဈေးဖြစ်ပြီး မတ် ၃ ရက် ည ၁၀ နာရီခန့်က စတင်ကာ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ မီးလောင်မှုကြောင့် လူအချို့ ဒဏ်ရာရရှိပြီး တစ်ဦးမှာဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံသို့တင်ပို့လိုက်ရသည်။

ယင်းကုန်စိမ်းဈေးကြီး မီးလောင်မှု မည်သို့ဖြစ်ပွားသည်ကို စုံစမ်းစစ်ဆေးလျက်ရှိရာ ကနဦးစစ်ဆေးမှုများအရ လျှပ်စစ်မတော်တဆမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရကြောင်း သိရှိရသည်။ သို့သော် အသေးစိတ်ကိုမူ ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ပိုလန်နိုင်ငံတောင်ပိုင်း၌ ရထားလမ်းချော်မှုဖြစ်ပွား ၁၄ ဦးသေဆုံး၊ ၆၀ကျော် ဒဏ်ရာရရှိ

ဝါဆော မတ် ၄

ပိုလန်နိုင်ငံတောင်ပိုင်းတွင် ဖေဖော်ဝါရီ ၄ရက်က ခရီးသည်တင်ရထားတစ်စင်း လမ်းချော် တိမ်းမှောက်မှုဖြစ်ပွားရာ ၁၄ဦးသေဆုံးပြီး ၆၀ကျော်ဒဏ်ရာရရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပိုလန်မီဒီယာများက ဖော်ပြသည်။ **(အောက်ပုံ)**

အဆိုပါ ခရီးသည်တင်ရထားသည် အရှိန်ပြင်းစွာမောင်းနှင်လာပြီးနောက် ရထားလမ်းချော်မှုဖြစ်ပွားခဲ့ရာ ရထားတွဲများအတွင်း ခရီးသည်အများအပြားဒဏ်ရာရခဲ့ရာမှ သေဆုံးခဲ့ရခြင်းဖြစ်သည်။ အချို့ခရီးသည်များမှာ ရထားတွဲများအတွင်း ပိတ်မိနေဆဲဖြစ်ရာ ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ခရီးသည်အများအပြားမှာ ဒဏ်ရာပြင်းထန်သဖြင့် သေဆုံးသူဦးရေ တိုးလာဖွယ်ရှိကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့အရေးပေါ်တင်ပို့ပေးထားကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက အကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ ပိုလန်နိုင်ငံသမိုင်းတွင် ဖြစ်ပွားခဲ့သောရထားမတော်တဆမှုများအနက် အဆိုးရွားဆုံးဖြစ်ကြောင်း ပိုလန်ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဆလာဝမ်မီရာနိုဝပ်က ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာအနုပညာ

မြင့်မောင်စိုး စုစည်းရေးသားသည်

အဆိုတော် တေလာဆွစ် မင်းသားအက်ဖရွန်းနဲ့တွဲနေပြီ

လော့စ်အိန်ဂျလိစ် မတ် ၄

အဆိုတော် တေလာဆွစ် (ဝဲပုံ)ဟာ ကန်းထရီးဂီတလောကမှာ ဘုရင်မရယ်လို့ ပြောစမတ်ပြုလောက်အောင် နာမည်ကြီးတဲ့အဆိုတော်တစ်ဦးဖြစ်ပါတယ်။သူမဟာ ပြီးခဲ့တဲ့ ဂရမ်မီဆုပေးပွဲမှာလည်း ကန်းထရီးဂီတနဲ့ပတ်သက်ပြီး ဆုနှစ်ဆုဆွတ်ခူးထားသူ ဖြစ်ပါတယ်။

လောလောဆယ်မှာတော့ အဆိုတော်တေလာဆွစ်ဟာ နာမည်ကြီးရုပ်ရှင်မင်းသား ဂျက်အက်ဖရွန်းနဲ့အတူ တွဲနေကြပါတယ်။ သူတို့နှစ်ဦးဟာ ဂီတနဲ့ပတ်သက်ပြီး လုပ်ဖော်ကိုင်ဖက်တွေလို့လည်းဆိုပါတယ်။ မင်းသားဂျက်အက်ဖရွန်းက အဆိုတော် တေလာဆွစ်ထံမှ ဂစ်တာအတီးပညာကို သင်ယူနေတယ်လို့လည်း ဆိုပါတယ်။

"ကျွန်တော် ဂစ်တာကောင်းကောင်းတီးတတ်ပါတယ်။ ဒါပေမယ့် ကမ္ဘာမှာ နာမည်ကြီးနေတဲ့ ကန်းထရီးအဆိုတော်ကြီးနဲ့ကျတော့ ပညာသင်ဖြစ်သွားတာပေါ့" လို့ ရုပ်ရှင်မင်းသား ဂျက်အက်ဖရွန်းက ပြောပါတယ်။ **(အင်တာနက်)**

သာမန်စစ်သားတစ်ယောက်လို စစ်မှုထမ်းနေတဲ့ အဆိုတော် ရိန်း

ဆိုးလ် မတ် ၄

တောင်ကိုရီးယားနာမည်ကြီး အဆိုတော်တစ်ယောက်ဖြစ်တဲ့ ရိန်း (ဝဲပုံ)ဟာ သူ့နိုင်ငံရဲ့ စစ်မှုမထမ်းမနေရ ဥပဒေအရ စစ်မှုထမ်းနေတာအတော်ကြာသွားပါပြီ။ သူ့ရဲ့ ပရိသတ်တွေကလည်း သူပြန်အလာကို စောင့်မျှော်နေကြတယ်လို့ ဆိုပါတယ်။

အဆိုတော် ရိန်းဟာ ၂၀၁၁ ခုနှစ်အောက်တိုဘာလကစပြီး သာမန်စစ်သားတစ်ယောက်အဖြစ် စစ်မှုထမ်းနေတာ ဖြစ်ပါတယ်။ ဒါပေမယ့် အဆိုတော်ရိန်းဟာ ကျန်းမာကြံ့ခိုင်မှု အပြည့်အဝရှိနေတာကြောင့် မကြာမီ အထူးတပ်ဖွဲ့ဝင်ဖြစ်လာတော့မယ်လို့ ဆိုပါတယ်။

အဆိုတော်ရိန်းဟာ စစ်မှုထမ်းနေစဉ် ကာလအတွင်း တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နေသူဖြစ်ပါတယ်။

ဒါပေမယ့် လွန်ခဲ့တဲ့ ဖေဖော်ဝါရီ ၉ ရက်ကနေ ၁၆ ရက်အထိ နေအိမ်ကို ပြန်ခွင့်ရခဲ့တယ်လို့ ဆိုပါတယ်။ သူဟာ သာမန်စစ်သားတစ်ယောက်ထက် နှစ်ရက်ပိုပြီး အိမ်ပြန်ခွင့်ရခဲ့တယ်လို့ဆိုပါတယ်။ သူဟာ သူ့နိုင်ငံအတွက် ၂၀၁၃ ခုနှစ် ဇူလိုင် ၁၀ ရက်အထိ စစ်မှုထမ်းရမှာဖြစ်ပါတယ်။ ***(အင်တာနက်)***

အဆိုတော်ရီဟာန်နား အဒေလီရဲ့အယ်လ်ဘမ်ကြောင့် စိတ်အားငယ်မိဟုဆို

လော့စ်အိန်ဂျလိစ် မတ် ၄

အဆိုတော်အဒေလီရဲ့ ဂီတကြောင့် စိတ်အားငယ်မိတယ်လို့ အဆိုတော် ရီဟာန်နား (ယာပုံ)က ပြောကြားလိုက်ပါတယ်။

ကြိုးစား

အဆိုတော်ရီဟာန်နားဟာ လက်ရှိလည်းကမ္ဘာမှာ အောင်မြင်ကျော်ကြားမှု အရှိဆုံးအဆိုတော်တစ်ယောက်ပါပဲ။ သူမနဲ့ချစ်သူရည်းစားဟောင်း ခရစ်ဘရောင်းတို့ဟာ We Found Love လို့အမည်ရတဲ့အယ်လ်ဘမ်ထွက်ဖို့ အတူကြိုးစားနေကြပါတယ်။

အယ်လ်ဘမ်သစ်ထွက်တော့မှာဖြစ်ပေမယ့် ပေါ့ပ်အဆိုတော် အဒေလီရဲ့ အောင်မြင်နေတဲ့ အယ်လ်ဘမ်ကြောင့် သူ့အယ်လ်ဘမ်အတွက် စိတ်အားငယ်မိတယ်လို့ ရီဟာန်နားက ဆိုပါတယ်။ ဗြိတိသျှအဆိုတော် အဒေလီရဲ့ 21လို့အမည်ရတဲ့ တေးအယ်လ်ဘမ် ဟာ ၂၂ ပတ်မြောက် နံပါတ်တစ် ရောင်းအားအကောင်းဆုံး စံချိန်တင်ထားပါတယ်။

ကျွန်မဟာအဒေလီရဲ့ ပရိသတ်တစ်ယောက်ပါပဲ။ သူ့ရဲ့ဆိုပုံဆိုဟန်တွေဟာ အတော်လေးကောင်းပါတယ်။ နားထောင်ရင်းနဲ့ မငြီးငွေ့အောင် တစ်ပုဒ်ပြီးတစ်ပုဒ် ဆွဲဆောင်မှုရှိနေတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ အခွေသစ်ထွက်လာပေမယ့် အဒေလီရဲ့ အောင်မြင်နေတဲ့ ဒီအယ်လ်ဘမ်ကြောင့် စိတ်အားငယ်ရပါတယ်လို့ အသက် ၂၄ နှစ်ရှိ အဆိုတော် ရီဟာန်နားက ပြောပါတယ်။ *(အင်တာနက်)*

အဆိုတော် မာရိုင်းကာရေး ပထမဆုံးအကြိမ်စတိတ်ရှိုးဖျော်ဖြေ

နယူးယောက် မတ် ၄

နာမည်ကျော်အဆိုတော် မာရိုင်းကာရေးသည် ကလေးမွေးဖွားခဲ့ပြီးနောက် ပထမဆုံးအကြိမ် စတိတ်ရှိုးစင်မြင့်ပေါ်သို့ တက်လာသည်။ **(ယာပုံ)**

ဖျော်ဖြေတင်ဆက်

သူမသည် လွန်ခဲ့သည့် မတ် ၁ ရက်ညက နယူးယောက်မြို့ ဂေါ့ဟမ်းခန်းမကြီး၌ ရာနှင့်ချီသောပရိသတ်ကြီးအား သီချင်းနှစ်ပုဒ်ဖြင့် ဖျော်ဖြေတင်ဆက်သွားခဲ့သည်။

မာရိုင်းကာရေးသည် ပြီလအတွင်းက အမြွှာနှစ်ဦးအား မွေးဖွားခဲ့သည်။ ဂရမ်မီဆုရ အဆိုတော်မာရိုင်းကာရေးသည် Hero ဟု အမည်ရသည့် သီချင်းနှင့် We Belong Together အမည်ရသီချင်းများဖြင့် ဖျော်ဖြေသွားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ဘာစီလိုနာတို့ အိမ်ကွင်း၌ ၁၀ဦးတည်းဖြင့်နိုင်ပွဲရ

မက်ဒရစ် မတ် ၄

စပိန်လာလီဂါပွဲစဉ်များကို မတ် ၄ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာနှင့်စပို့တင်းဂိုင်ဂျွန်တို့ပွဲတွင် ဘာစီလိုနာတို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အိမ်ကွင်း၌ သုံးမှတ်အပြည့်ဖြင့် ရယူနိုင်ခဲ့သည်။ ***(အပေါ်ပုံ)***

ဂိုးသွင်းယူ

ဘာစီလိုနာတို့ အိမ်ကွင်း၌ ကစားရသော်လည်း အဖွင့်ဂိုးစောစီးစွာ မသွင်းနိုင်ဘဲ စပို့တင်းဂိုင်ဂျွန်တို့၏ ခြေပေါ်အောင်ကစားနေမှုကြောင့် အဟန့်အတားဖြစ်နေခဲ့သည်။ ပွဲချိန် ၄၂ မိနစ်ရောက်မှသာ ဘာစီလိုနာအတွက် အန်နီယေစကာက ဂိုးသွင်းယူနိုင်ခဲ့သည်။

အနိုင်ရရှိ

သို့သော် ပွဲချိန် ၄၆ မိနစ်၌ ဘာစီလိုနာမှ ပီကေးအနီကတ်ပြအထုတ်ခံရသဖြင့် ဘာစီလိုနာတို့ ၁၀ ဦးတည်း ကစားခဲ့ရသည်။ ပွဲချိန် ၄၉ မိနစ်၌ စပို့တင်းဂိုင်ဂျွန်အသင်းမှ ဘာရယ်က ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေဖြစ်နေခဲ့သည်။ သို့ရာတွင် ပွဲချိန် ၇၉ မိနစ်၌ ဘာစီလိုနာအတွက် ကိုင်တာက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၈၈ မိနစ်၌ ဟာနန်ဒက်ဇ်က ဘာစီလိုနာအတွက် တစ်ဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ စုစုပေါင်း သုံးဂိုးရရှိပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်များအဖြစ် ဂီတာဖေးနှင့်မာလာဂါတို့ပွဲတွင် မာလာဂါက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မာရော့ကာနှင့် အိုဆာစူနာတို့ပွဲတွင် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

ဗာလီကာနိုနှင့်ရေဆင်းတို့ပွဲတွင် ဗာလီကာနိုက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီဗီလာနှင့် အက်သလက်တီကို တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။ ***(အင်တာနက်)***

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲ လက်ရှိချန်ပီယံ ကလစ်ရှ်ကို အလဲထိုးအနိုင်ယူ

မြူးနစ် မတ် ၄

ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ ကလစ်ရှ်ကိုနှင့် ဂျိန်းမက်မိုရာမက်တို့ မတ် ၄ ရက်က ယှဉ်ပြိုင်ထိုးသတ်ရာ ကလစ်ရှ်ကိုက အနိုင်ရရှိပြီး ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။ *(အပေါ်ပုံ)*

ကလစ်ရှ်ကို၏ ညာဖြတ်လက်သီးများကြောင့် ဒုတိယအချီမှာပင် မိုရာမက် ကြိုးဝိုင်းကြမ်းပြင်ပေါ် ပထမဆုံးလဲကျခဲ့သည်။ သို့သော် ပြန်လည်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကလစ်ရှ်ကို၏ ဘယ်ညာလက်သီးများက မိုရာမက်၏မျက်နှာပေါ် မပြတ်တမ်း ထိမှန်ခဲ့ပြီးနောက် အလဲထိုးအနိုင်ရရှိသွားခဲ့ခြင်းဖြစ်သည်။

ကလစ်ရှ်ကို၏ ယခုပွဲသည် အလဲထိုးအနိုင်ပွဲ ၅၀ မြောက်ပွဲအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ အသက် ၃၅ နှစ်အရွယ် ကလစ်ရှ်ကိုသည် အရပ်ခြောက်ပေ ခြောက်လက်မမြင့်ပြီး လက်ဝှေ့ပွဲပေါင်း ၆၀ ထိုးသတ်ခဲ့ရာ ၅၇ ပွဲနိုင် သုံးပွဲသရေဖြစ်ခဲ့ရာ ပွဲ ၅၀မှာ အလဲထိုးပွဲများဖြစ်သည်။

အသက် ၃၉ နှစ်အရွယ်ရှိ မိုရာမက်သည် အရပ် ၅ ပေ ၁၁ လက်မမြင့်ပြီး လက်ဝှေ့ပွဲပေါင်း ၄၁ ပွဲ ထိုးသတ်ခဲ့ရာ ၃၆ ပွဲနိုင် လေးပွဲသရေနှင့် ၂၂ ပွဲ မှာ အလဲထိုးအနိုင်ယူခဲ့သည့်ပွဲများဖြစ်သည်။ *(အင်တာနက်)*

ဒူဘိုင်းအိုးပင်းတင်းနစ်ဗိုလ်လုပွဲ ရော်ဂျာဖက်ဒရား အနိုင်ရရှိ

ဒူဘိုင်း မတ် ၄

ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မတ် ၃ရက်ကယှဉ်ပြိုင်ကစားရာ ရော်ဂျာဖက်ဒရားကအနိုင်ရရှိပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ **(ဝဲစွန်ပုံ)**

ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက်ဒရားသည် ဗြိတိန်တင်းနစ်သမား အင်ဒီမာရေးအား ၇-၅၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရော်ဂျာဖက်ဒရားသည် ယခုပွဲ အနိုင်ရရှိရန် တစ်နာရီခွဲ ကြာမျှ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ယခုပွဲ၌ အနိုင်ရရှိခဲ့သည့် ရော်ဂျာဖက်ဒရားသည် ဂရင်းဆလမ်းဆုကြီးများ ရယူဆွတ်ခူးမှု၏ (၁၆)ကြိမ်မြောက်ဖြစ်သည်။ ယခုပွဲအောင်မြင်မှုရရှိခြင်းသည် အလွန်ဝမ်းမြောက်စရာကောင်းကြောင်း ပွဲအပြီး၌ ရော်ဂျာဖက်ဒရားက ပြောကြားသည်။

ရော်ဂျာဖက်ဒရားသည် ယခုပွဲ၌ အင်ဒီမာရေး၏ တန်ပြန်ရိုက်ချက်များကို ကြိုးစားအားထုတ်ကစားခဲ့ရသည်။ ယခုပွဲသည် မိမိရှုံးနိမ့်ခဲ့သော်လည်း ပွဲကောင်းတစ်ခုဖြစ်ကြောင်း အင်ဒီမာရေးကပွဲအပြီးတွင် ပြောကြားသည်။ **(အင်တာနက်)**

ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါစေတီတော် ဓမ္မာရုံသစ်ကြီး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးဝင်းက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(အပေါ်ပုံ)

ထို့နောက် ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခဌာနမှူး ဒေါက်တာညဏ်မြင့်ကျော်က စေတီတော်ကြံ့ခိုင်ထိန်းသိမ်း တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ ဦးသန်းရွှေ- ဒေါ်ကျင်ထွေးမိသားစုက ငွေကျပ် ၂၀၁၆၀၀၀၊ ဦးသူတော်-ဒေါ်လှလှသိန်း (ရွှေစင်အကယ်ဒမီ၊ ရွှေသန့်လုပ်ငန်း)နှင့် ဦးဝင်းကို-ဒေါ်စန်းစန်းဝင်း (မာန်ထက်ချီရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး) တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဖခင် ဦးကိုကို-မိခင် ဒေါ်အမာ၊ မောင်ကိုစောလွင်တို့အားရည်စူး၍ ဒေါ်နုနုအေး၊ ဒေါ်ဆွေဆွေမာ မိသားစုက ငွေကျပ်ခြောက်သိန်း၊ မင်းဘူးမြို့ ကွယ်လွန်သူ ဦးဦးခိုင်- ဒေါ်ကြည်တို့အားရည်စူး၍ ဒေါက်တာ ဦးခင်ဇော်-ဒေါ်ဝင်းဝင်းခိုင်မိသားစုနှင့် ဦးဝင်းအောင် ဒေါ်တင်တင်အိ သမီး မသင်းသင်းလှိုင်မိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးသောင်းတင်-ဒေါ်ခင်ရီ မိသားစုနှင့် ပါဝါကင်းရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးတို့က ငွေကျပ်သုံးသိန်းစီအပါအဝင် အလှူရှင် ၆၈ ဦးက စုစုပေါင်းငွေကျပ် ၁၃၆၃၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

မြန်မာ-ထိုင်းနှစ်နိုင်ငံ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေး ဗဟိုအဆင့် အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၄

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်-ရဲချုပ်ကျော်ကျော်ထွန်း ဦးဆောင်သောအဖွဲ့သည် မတ် ၂ ရက်တွင် တာချီလိတ်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် ဒွိုင်တုန်း အစားထိုးဖွံ့ဖြိုးရေးစခန်းသို့ရောက်ရှိခဲ့ကြရာ မယ်ဖလုံဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဒစ္စနတ်ဒါးဒစ္စကူလ် ဦးဆောင်သောအဖွဲ့က ကြိုဆိုကြပြီး အဆိုပါစခန်းရှင်းလင်းဆောင်၌ ဒွိုင်တုန်း အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို စီမံကိန်းတာဝန်ရှိသူများက ရှင်းလင်းပြသခဲ့သည်။

ထို့နောက် ရဲချုပ်နှင့်အဖွဲ့သည် စီမံကိန်းဝင်းအတွင်းရှိ မက်ကဒေးမီးယားစိုက်ခင်း၊ ကော်ဖီစက်ရုံ၊ စက္ကူပျော့ဖတ်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်းနှင့် ကြွေထည်မြေထည်လုပ်ငန်းများစသည့် ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ရဲချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့၊ မယ်ဖလုံဖောင်ဒေးရှင်းအဖွဲ့များနှင့် မတ် ၃ ရက် နံနက် ၈ နာရီခွဲတွင် တာချီလိတ်မြို့ ရီဂျီးနားဟိုတယ်၌ မြန်မာ-ထိုင်းနှစ်နိုင်ငံ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေး ဗဟိုအဆင့်အစည်းအဝေးကို ကျင်းပခဲ့ရာ

(အပေါ်ပုံ) အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ အစားထိုးဖွံ့ဖြိုးရေးအဖွဲ့ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တာချီလိတ်နှင့် မိုင်းဆတ်ခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ထိုင်းနိုင်ငံဘက်မှ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့မှ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ အဒွန်းဆဲန်ဆင်ကျောက်နှင့် အဖွဲ့ဝင်များနှင့် မယ်ဖလုံဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဒစ္စနတ်ဒါးဒစ္စကူလ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တာချီလိတ်နှင့် မိုင်းဆတ်ခရိုင်အတွင်း ဘိန်းအစားထိုးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကိစ္စများနှင့် ပတ်သက်၍ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကောလင်းဈေးဆိုင်ခန်းရှင်များအား ငွေကျပ် ၈၁၅ သိန်းထုတ်ချေး

ကောလင်း မတ် ၄

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းတစ်ရပ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ နယ်စပ်ရေးရာဝန်ကြီးဌာန စည်ပင်သာယာရေး ဘဏ်လီမိတက်က ချေးငွေကျပ် ၈၁၅ သိန်းကို မတ် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခန်းမ၌ ထုတ်ချေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့်အဖွဲ့က ဈေးဆိုင်ခန်း ၇၁ ခန်းမှ ဈေးသူ ဈေးသား ၅၆ ဦးတို့အား ထုတ်ပေးခဲ့ကြကြောင်း သိရှိရသည်။

(ဝ၉၂)

ကျင်းပ

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ၂၀၁၁-၂၀၁၂ ခုနှစ် မြေကြီး မြေပုံ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်းစီမံချက် ရှင်းလင်းပွဲ အခမ်းအနားနှင့် စာရင်းကောက်ယူမှုသင်တန်းကို ဖေဖော်ဝါရီ ၂၂ ရက်က နေပြည်တော်မြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

မိုင်းဆတ်မြို့ အမှတ်(၂)အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပရာ ဒုတိယတန်းတွင် ပထမဆုရ မောင်ရဲနိုင်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရီ ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၄-၃-၂၀၁၂

ရှေးရှေးတုန်းက ရွှေတိဂုံစာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာ မောင်မောင်ကြီး (မန္တလေး) ရေးသားသော ရှေးရှေးတုန်းက ရွှေတိဂုံစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်း၊ သံဃာ့ရာဇာ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး၏ ရွှေတိဂုံဆံတော်ရှင်စေတီတော် ဘုရားရှိခိုးနှင့် ရှေးဟောင်းသမိုင်းဝင် ရှားပါးဓာတ်ပုံ ၁၅၀ ကျော်ကို ဝေဝေဆာဆာဖော်ပြထားသည်။ ၁၉ရာစုမှ မှတ်တမ်းဓာတ်ပုံများ၊ ပန်းချီကားပုံများ၊ ၁၉၃၁ ခုနှစ်အတွင်း မီးသင့်ခဲ့သော ဓာတ်ပုံများနှင့် ယခုကာလတွင် မမြင်တွေ့ရတော့ပြီဖြစ်သော သမိုင်းမှတ်တမ်းဓာတ်ပုံများကို စုံစုံလင်လင် စုစည်းဖော်ပြထားသည်။

အဆိုပါစာအုပ်ကို အလင်းသစ်စာပေတိုက် ၆ အခန်း ၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂ တန်ဖိုးငွေကျပ် ၂၅၀၀နှုန်းဖြင့် ဖြန့်ချိထားကြောင်းသိရှိရသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၅) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၅)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ စလင်းဘုန်းကျော်၊ ရန်နိုင်ဦး၊ ကောင်းညွန့်ဝေ (ရေစကြို)၊ ကျော့ဝင်း(မိုးညှင်း)၊ ဇော်မျိုးဟန် (ငသိုင်းချောင်း)၊ ခင်ဖုန်းကြည် (မိုင်းပွန်)၊ စိုးကိုကို (လေးမျက်နှာ)၊ မောင်နွေဝေး (သောင်ပြာကျွန်း)တို့၏ အဖွင့်ကဗျာများ။

ကန္ဒာဆွေ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ သန်းဝင်းရှိန်၊ ပြေအေး(မြင်းမူ)၊ တက္ကသိုလ်သျှင်သီရိ၊ ကမာမင်း၊ မြတ်ဘုန်း (တပ်ကုန်း)၊ မြတ်နိုးဆု(တမာမြေ)၊ မောင်မောင်ကျော့(ပလက်ဝ)၊ မောင်နွယ်သန်း၊ အရှင်ဉာဏဝရ (သာပေါင်း)၊ မောင်စိုးထိုက်(သုံးဆယ်)၊ မောင်မြထွေး(ပင်လယ်)၊ စစ်ကိုင်းစိမ်းစိမ်း၊ မြင်းခြံ ကျော်အောင်၊ ဝင်းနိုင်သောင်း၊ ရွှေဘိုသီရိမာလာ၊ ကိုကြူး (ကျိုင်းတုံ)၊ ဖိုးသား (ဟိုပင်)၊ နီမင်းညို၊ မောင်ချစ်ထွေး၊ ထွဏ်းကြည်(ဗ-ဝ-တ) ဖောင်ကြီး၊ သုကိုကို(ကျုံမငေး)၊ တက္ကသိုလ်စိုးယဉ်၊ အောင်သစ္စာ(ရဲမွန်)၊ မြမဥ္ဇူဝေ(ကျုံမငေး)၊ ပန်းဝတ်ရည် (နည်းပညာကောလိပ်)၊ ကျော်ဇေယျာ(ရွှေပြည်စိုး)နှင့် အခြားကလောင်ရှင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ဗုဒ္ဓစာဥယျာဉ်၊ ကဗျာပန်းရုံရိပ်၊ ရသစာနုခံစားမှု၊ တောဝလေ့စာပန်းချီ၊ ရသစာပန်းချီ၊ သတ်ပုံကဗျာ၊ ဓမ္မအလင်း ကဗျာပန်းခင်း၊ ကာတွန်း၊ တိုင်းရင်းသားကဏ္ဍအစရှိသည့် ကဏ္ဍစုံဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် ၅၂၉၊ ၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁ နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

တံခွန်ထူ နတ်လူသိစေသား စာအုပ်ထုတ်ဝေဖြန့်ချိ



စာရေးဆရာ မောင်သွေးချွန် ရေးသားသည့် တံခွန်ထူနတ်လူသိစေသားစာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

စာအုပ်တွင် မဟာဗောဓိမြိုင်ဆရာတော် ဟောကြားခဲ့သောတရားတော်များ၊ ဘုရားအနေကဇာတင်ရခြင်းအကြောင်း ရှင်းလင်းချက် အပါအဝင် တိဟိတ်စေတနာနှင့် တိဟိတ်ပုဂ္ဂိုလ်အကြောင်းဆောင်းပါး၊ ရွှေချက်သိုတံခွန်တိုင်ကျောက်စာက ပြောပြတဲ့ဘဝအစနှင့် ဓမ္မလမ်းစဉ်ဆောင်းပါးများကို စုစည်းဖော်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေအမှတ် (၂၃၇) ၃၉ လမ်း(ပထမထပ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ မှ ငွေကျပ် ၅၀၀ နှုန်းဖြင့် ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။

လက်တွေ့အသုံးချ တားရော့ဟောနည်း စာအုပ်ထုတ်ဝေဖြန့်ချိ

စာရေးဆရာ ရန်အောင်ဟိန်း ရေးသားသော လက်တွေ့အသုံးချ တားရော့ဟောနည်း စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တားရော့ကတ်ဖြင့် အနာဂတ်အတွက် ဟောကြားနည်းများကို ရေးသားဖော်ပြထားသည်။ ထို့ပြင် တားရော့ကတ်၏အဓိပ္ပာယ်၊ တားရော့ကတ်၏ စီရင်ပုံသာမက အဆိုပါကတ် ၇၈ ကတ်၏ တစ်ခုချင်းစီ လွယ်လင့်တကူ အသုံးပြုနိုင်သည့်နည်းလမ်းများနှင့် ယင်းတို့ကို ဖြန့်ကြက်ဟောပေးနိုင်သည့် နည်းလမ်းများကို ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ၃၉လမ်း (ပထမထပ်) ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅ တွင် ငွေကျပ် ၄၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

ကိုလင်း - စုစည်းသည်

စာအုပ်စာပေ လူ့မိတ်ဆွေ

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် MYANMAR BELLE ဟင်းသီးဟင်းရွက်အခြောက်ခံစက်ရုံ၌ လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဟင်းသီးဟင်းရွက် အခြောက်ခံစက်ရုံ ဖွင့်ပွဲ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် မတ် ၄

MYANMAR BELLE ဟင်းသီးဟင်းရွက်အခြောက်ခံစက်ရုံဖွင့်ပွဲ အခမ်းအနားကို မတ် ၃ ရက် နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ် ဟဲဟိုးမြို့ ဝါးရုံပင်ကျေးရွာရှိ အဆိုပါစက်ရုံရှေ့၌ကျင်းပရာ ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းဆာလူ နှင့် MYANMAR BELLE ကုမ္ပဏီဥက္ကဋ္ဌ ဦးရဲမြင့်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တောင်ကြီး)၏ Technical Palace Show ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားကာ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၅-၃-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံ ထွန်း၊တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၃၀	နံနက်ခင်းသတင်း
၇:၄၀	သံသာချိုအေးမင်္ဂလာတေး
၈:၁၅	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၃၀	(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	International News

ညပိုင်း

၄:၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၃၅	အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်း
၆:၀၀	ညနေခင်းသတင်း
၆:၂၀	ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ ချမ်းမြေ့ပျော်ရွှင်** (အပိုင်း-၉)
၇:၄၅	ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
၈:၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ ကမ္ဘာကျော်သရုပ်ဆောင်များ နိုင်ငံခြားဇာတ်လမ်းတွဲ **မွေးစားသား** (အပိုင်း-၃၀) (ဇာတ်သိမ်းပိုင်း) အိန္ဒိယရုပ်ရှင် **ဆွေမျိုးတော်ရင် ဘယ်လိုခေါ်လဲ** (ဇာတ်သိမ်းပိုင်း)

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ကြိုတင်ပြင်ဆင်ရမည့်အချက်များ

ဒေါက်တာသန့်စင်(ရူပဗေဒ)

မြန်မာ တစ်နိုင်ငံလုံးရှိ ကျောင်းသားမိဘများ စိတ်ဝင်စားသောစာမေးပွဲမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြစ်ပါသည်။ နှစ်စဉ် မတ်လတွင်ကျင်းပလေ့ရှိပြီး တစ်နိုင်ငံလုံးရှိ စာစစ်ဌာနအသီးသီးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပသည့်စာမေးပွဲဖြစ်ပါသည်။ ယခုစာမေးပွဲအောင်မြင်ပါမှ တက္ကသိုလ်တက်ရောက်နိုင်မည်ဖြစ်ပြီး အမှတ်ကောင်းကောင်းရပါမှ ရေကြောင်းပညာတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ် စသည်တို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ကျောင်းသားကျောင်းသူများက မိဘများပံ့ပိုးမှုဖြင့် တစ်နှစ်ပတ်လုံး အားသွန်ခွန်စိုက် ကြိုးပမ်းပြင်ဆင်ရသည့်စာမေးပွဲဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် သတိပြုရမည့်အချက်မှာ ဖြေဆိုမည့်ကျောင်းသား ကျောင်းသူသည် ကျန်းမာရေးကောင်းရန် အဓိကလိုပါသည်။ ဖြေဆိုခါနီးမှ နေမကောင်းဖြစ်ပါက တစ်နှစ်ပတ်လုံး ကြိုးစားထားသမျှ သဲထဲရေသွန်ဖြစ်နိုင်ပါသည်။ ထို့အပြင် မိသားစုကျန်းမာရေးလည်း အရေးကြီးပါသည်။ စာမေးပွဲဖြေဆိုနေစဉ် မိသားစုဝင်တစ်ဦးဦး ကျန်းမာရေးချို့တဲ့ပါက စိတ်အနှောင့်အယှက် အနည်းနှင့်အများရပြီး စာဖြေမည့်သူကို အနှောင့်အယှက်ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ကျန်းမာရေးကို ဂရုစိုက်ရပါမည်။

စာမေးပွဲဖြေဆိုနေစဉ်အတွင်း မိသားစု၏ ကိုယ်ရေးကိုယ်တာပြဿနာများကို အတတ်နိုင်ဆုံးရှောင်သင့်ပါသည်။ ကျောင်းသား ကျောင်းသူများသည် လူငယ်လူရွယ်များဖြစ်သောကြောင့် စိတ်ဓာတ်မရင့်ကျက်ကြသေးရာ မိသားစု အဆင်မပြေမှုသည် စာဖြေကျောင်းသား ကျောင်းသူကို အနည်းနှင့်အများ အနှောင့်အယှက် ဖြစ်စေပါသည်။ ထိုအချက်ကို မိဘများ ဂရုစိုက်သင့်ပါသည်။

စာမေးပွဲဖြေဆိုနေစဉ်အတွင်း အိပ်ရေးမပျက်ရန်၊ တစ်နည်းအားဖြင့် ညလုံးပေါက်စာမကြည့်မိရန်လိုပါသည်။ မလိုအပ်ဘဲ စိတ်ရွှင်လန်းစေသည့်ဆေးများကို မသုံးသင့်ပါ။ စာမေးပွဲသည် တစ်ရက်တည်းဖြေရမည်မဟုတ်ဘဲ ရက်သတ္တပတ်ခန့်ဖြေဆိုရမည်ဖြစ်သည်ကို သတိပြုသင့်ပါသည်။

စာမေးပွဲဖြေဆိုရမည့်ဘာသာနှင့် နေ့ရက်အချိန်ဇယားကို အတိအကျ ပြန်စစ်ဆေးသင့်ပါသည်။ နောက်တစ်နေ့ဖြေရမည့်ဘာသာကို သေချာအောင် သူငယ်ချင်းများနှင့် တိုက်ဆိုင်စစ်ဆေးသင့်ပါသည်။

မိမိဖြေဆိုမည့် စာစစ်ဌာနသို့သွားရန် အချိန်မည်မျှကြာနိုင်သည်ကို ကြိုတင်တွက်ချက်ပြီး အိမ်မှစော၍ထွက်ရန် အရေးကြီးပါသည်။ လမ်းခရီးတွင် ယာဉ်များလမ်းပိတ်ဆို့နေသဖြင့် မထင်မှတ်ဘဲ နောက်ကျရောက်ရှိတတ်ပါသည်။ ဖြေဆိုရမည့်အချိန်ထက် မိနစ်သုံးဆယ်နောက်ကျပါက ဖြေဆို၍မရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများကလည်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ၏သွားလာရေးကို ဂရုစိုက်ဖြေရှင်းပေးသင့်ပါသည်။

စာမေးပွဲဖြေဆိုရာတွင် ဖြေဆိုချိန် ၃ နာရီအတွင်း ပေးထားသော မေးခွန်းများကို ပြီးစီးအောင်ဖြေဆိုရပါမည်။ ထို့ကြောင့် ပေးထားသောမေးခွန်းကို အစမှအဆုံးထိပြီးစီးအောင် တစ်ကြိမ်ဖတ်ပြီး မိမိအပိုင်နိုင်ဆုံးမေးခွန်းမှစတင်၍ ဖြေဆိုသင့်ပါသည်။ တတ်နိုင်သမျှ သန့်ရှင်းသပ်ရပ်စွာဖြေဆိုသင့်ပါသည်။ မိမိအတွက် စာမေးပွဲအမှတ်တစ်မှတ်သည် အလွန်တန်ဖိုးရှိပါသည်။ ဆေးတက္ကသိုလ်ဝင်ခွင့်ကို တစ်မှတ်တည်းလို၍ ဝင်ခွင့်မရသည့်ကျောင်းသား ကျောင်းသူများ နှစ်စဉ်တွေ့ဖူးပါသည်။ ထို့ကြောင့် ရနိုင်သမျှအမှတ်ရရန် အဆင့်လိုက်ရသမျှ ဖြေဆိုသင့်ပါသည်။ ဖြေဆိုပြီးပါက မိမိတွက်ချက်ဖြေဆိုထားသည်များကို မှန်/မမှန်ပြန်လည်စစ်ဆေးသင့်ပါသည်။ စာမေးပွဲခန်းမှထွက်လာပြီးမှ ဖြေဆိုရမည့်ပုဒ်မေ့ကျန်ခဲ့လျှင် ပြန်ဖြေ၍မရတော့ပါ။ စာဖြေချိန် ၃ နာရီသည် မိမိဘဝအတွက် အရေးကြီးကြောင်း သတိထားပါ။

အထက်ဖော်ပြပါအချက်များကို မကြာခင်ဖြေဆိုရတော့မည့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ သတိပြုနိုင်ရန် ရေးသားလိုက်ရပါသည်။

မြန်မာ့အလင်း ခေတ်အမြင် ခေတ်အတွေး

ရှေ့မှာကမ်းခြေ

လူရယ်လို့ဖြစ်လာပြီဆိုရင် လူ့ဘဝထဲကို တိုးဝင်ခြေဆန့်ကြရမှာပါပဲ။ လူ့ဘဝထဲကို တိုးဝင်ခြေဆန့်ရင်းနဲ့ပဲ မျှော်မှန်းချက်ပန်းတိုင်ဆီသို့ရောက်အောင် လျှောက်လှမ်းခဲ့ကြရသူချည်းပါ။ မျှော်မှန်းချက်ပန်းတိုင်ကို အလိုအလျောက် ရောက်လာရတဲ့သူရယ်လို့ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါဘူး။

မျှော်မှန်းချက်ပန်းတိုင်ရောက်ဖို့ လူ့ဘဝထဲတိုးဝင်ကြရတဲ့အခါမှာ လောကခံရေစီးကြောင်းကို မလွဲမသွေကူးခပ်ဖြတ်သန်းကျော်လွှားကြရမယ်။ လောကခံရေစီးကြောင်းကလည်း ညင်သာတဲ့အခါညင်သာတယ်။ ကြမ်းတမ်းတဲ့အခါကြမ်းတမ်းတယ်။ တစ်သမတ်တည်းမဟုတ်ဘူး။ ညင်သာတဲ့အခါမှာတော့ ရေစုန်ခရီးကို အသာကလေးမျောပြီးလိုက်နေရတာပေါ့။ မပင်ပန်းလှပါဘူး။ သက်သောင့်သက်သာပါပဲ။

လောကခံရေစီးကြောင်းကို ပြောင်းပြန်ဆန်တက်ရပြီဆိုရင်တော့ အင်မတန်ပင်ပန်းတယ်။ အခက်အခဲတွေကလည်း ဆင့်ကဲဆင့်ကဲပေါ်လာမှာပဲ။ မျှော်လင့်မထားတဲ့ လောကခံလှိုင်းလုံးကြီးတွေ ရိုက်ပုတ်လာတာကိုလည်း တွေ့ချင်တွေ့ရမယ်။ လောကခံလှိုင်းလုံးကြီးတွေက ရိုက်ပုတ်နေတဲ့အထဲ လောကခံမုန်တိုင်းကြီးတွေ ဝှေ့ရမ်းတိုက်ခတ်လာတာကိုလည်း ကြုံချင်ကြုံရမှာပဲ။

လောကခံရေစီးကြောင်းကို ပြောင်းပြန်ဆန်တက်နေရတာ ပင်ပန်းလှချည်ရဲ့ဆိုပြီး လက်မှိုင်ချနေလို့ကတော့မဖြစ်ဘူး။လက်မှိုင်ချနေရင် ဘဝအောင်ပန်းနဲ့ဝေးပြီး ကျန်ရစ်နေမှာပဲ။ ဒီတော့ မဖြစ်မနေကူးခပ်ဖြတ်သန်းကျော်လွှားကြရမယ်။ မိမိကိုယ်တိုင်ကူးခပ်ဖြတ်သန်းကျော်လွှားကြရမှာပါပဲ။ မည်သူကမှလာပြီးလက်တွဲခေါ်မှာမဟုတ်ပါဘူး။ မိမိတစ်ယောက်တည်း ကူးခပ်ဖြတ်သန်းကျော်လွှားရမှာပါကလားဆိုပြီးတော့လည်း တွေးငိုင်ငေးမှိုင်မနေပါနဲ့။ တွေးငိုင်ငေးမှိုင်ခြင်းဆိုတာ ကြောက်ရွံ့တဲ့စိတ်၊ နောက်တွန့်မယ့်စိတ်တွေ မိမိဆီရောက်လာအောင် လက်ယပ်ခေါ်နေတာပါပဲ။

ရေစီးပြောင်းပြန် အဆန်ခရီးမှာ လှိုင်းလုံးတွေကကြီးမား၊ မုန်တိုင်းတွေက ဆီးတားနေပေမယ့် ကူးခပ်ဖြတ်သန်းကျော်လွှားနိုင်ဖို့အတွက်တော့ ဇွဲကိုတင်းလိုက်ပါ။ ယိမ်းယိုင်မသွားပါစေနဲ့။ မာန်ကိုမြှင့်လိုက်ပါ။ ငုပ်လျှိုးမသွားပါစေနဲ့။ အားကိုတောင့်လိုက်ပါ။ ယုတ်လျော့မသွားပါစေနဲ့။

တင်းထားတဲ့ဇွဲတွေက ခိုင်မာနေရမယ်။ မြှင့်ထားတဲ့မာန်က ရဲရင့်နေရမယ်။ တောင့်ထားတဲ့အားက သန်မာနေရမယ်။ ခိုင်မာတဲ့ဇွဲရယ်၊ ရဲရင့်တဲ့မာန်ရယ်၊ သန်မာတဲ့အားရယ်စုစည်းပြီးတော့ ရေဆန်ခရီးရဲ့ လောကခံလှိုင်းလုံးကြီးတွေကို ကူးဖြတ်လိုက်ပါ။ လောကခံမုန်တိုင်းကြီးတွေကိုလည်း ကျော်လွှားလိုက်ပါ။ လောကခံရေစီးအဆီးအတားဆိုတာက သဘာဝတရားပါပဲ။ ကြောက်ရွံ့စရာ မဟုတ်သလို နောက်တွန့်စရာလည်းမဟုတ်ပါဘူး။

မကြောက်မရွံ့နောက်မတွန့်ဘဲ ကူးခပ်ဖြတ်သန်းကျော်လွှားနေရတာက မိမိတစ်ယောက်တည်းမှ မဟုတ်ဘဲ။ မည်သူမဆို ကူးခပ်ဖြတ်သန်းကျော်လွှားနေကြရတာပါ။ ကူးခပ်ဖြတ်သန်းကျော်လွှားခဲ့ကြပြီးလို့ ဘဝအောင်ပန်းကမ်းခြေမှာ အပန်းဖြေနေကြတဲ့သူတွေအများကြီးပါပဲ။ ဘဝအောင်ပန်းကမ်းခြေမှာ အပန်းဖြေနေကြပြီဖြစ်တဲ့ သင့်မိတ်ဆွေတွေက သင့်ကို စောင့်မျှော်ဆီးကြိုနေကြပြီ။ သင့်ရှေ့မှာ ကမ်းခြေရှိနေတယ် မဟုတ်လား။ ။ **ရေနံ့သာမောင်ကျော်ညွှန့်**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ဖေဖော်ဝါရီ ၂၃ ရက်က ဦးမောင်ကြွယ်-ဒေါ်သိန်းညွှန့်တို့အား ရည်စူး၍ ရွှေပြည်သာမြို့နေ သားသမီးများဖြစ်ကြသော ဦးတင်ထွေးနှင့် ညီအစ်ကိုမောင်နှမတို့က ကျောက်တန်းဘိုးဘွားရိပ်သာ နာမကျန်းဆောင် ဆောက်လုပ်ရန် အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၄

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)၏ (၉၁)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်း အမှတ်(၂၁/၄၃-စီ) တည်ရှိရာ ရေဝတီတိုင်းဒေသကြီးခမ်းမ၌ မတ် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင် သက်ကြီးများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများသည် မတ် ၂၀ ရက် နောက်ဆုံးထားပြီး အသင်းတိုက်သို့ စာရင်းပေးပို့နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရမည်းသင်းမြို့နယ် မော်တော်ယာဉ်အသင်း အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်

ရမည်းသင်း မတ် ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မော်တော်ယာဉ်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းတည့် ၁၂ နာရီက ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဖွဲ့စည်းရေးကော်မရှင်ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် မန္တလေးတိုင်းဒေသကြီး (အဝေးပြေး) ယာဉ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းညွှန့်တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြို့နယ်မော်တော်ယာဉ်အသင်းအတွက် အလုပ်အမှုဆောင် အဖွဲ့သစ်ကို ဥက္ကဋ္ဌ ဦးသံချောင်း(ခ)ဦးလှသိန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကျော်၊ အတွင်းရေးမှူး ဦးစိုးမိုးအောင်၊ ဘဏ္ဍာရေးမှူး ဦးမောင်မောင်(ခ)ဦးတင်ယု၊ အဖွဲ့ဝင်များအဖြစ် ဦးဇော်လွင်၊ ဦးဘိုးတင်နှင့် ဦးဝင်းရွှေပါ ခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့ကြကြောင်း သိရှိရသည်။ (၀၁၁)

ဖေဖော်ဝါရီ ၂၁ ရက်က ဖြူးမြို့နယ် သိမ်ကုန်းရပ်ကွက်အတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ဝင်း၊ သိမ်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းကျော်နှင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

ကွတ်ခိုင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး

မူဆယ် မတ် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာကျေးရွာတွင် မိုးပွင့်အဆင့်(၂)စီမံချက်အရ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို အဆိုပါကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးနွယ်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်တို့က နိုင်ငံသားလုပ်ငန်း ဖြေလျှော့ဆောင်ရွက်မှုနှင့်စီမံချက်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၆၄ ကတ်ကို နမ့်ဖက်ကာကျေးရွာအုပ်ချုပ်ရေးမှူး ဦးယော်ထုံထံပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့ ပိုင်ကျုံမြို့ပေါ်နှင့် ကျေးရွာများမှ ပြည်သူများအား အခမဲ့ကုသပေး

နေပြည်တော် မတ် ၄

ကရင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်လင်းနှင့် ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးမူတို့ ခေါင်းဆောင်သော ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု၊ သွားဘက်ဆိုင်ရာ အထူးကု၊ အထွေထွေရောဂါကုသမားတော်ကြီး၊ သားဖွားမီးယပ်အထူးကု၊ အရိုးအထူးကု၊ မျက်စိအထူးကု၊ ကလေးအထူးကု၊ ခွဲစိတ်အထူးကု၊ တိုင်းရင်းဆေးဌာနနှင့် ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးဌာန စသည့်အထူးကု ဆရာဝန်ကြီးများနှင့်ဆရာဝန်၊ သူနာပြုအဖွဲ့များသည် ဖေဖော်ဝါရီ ၂၉ ရက်တွင် ပိုင်ကျုံတိုက်နယ် ပြည်သူ့ဆေးရုံ၌ ပိုင်ကျုံမြို့ရှိ ဒေသခံပြည်သူများနှင့် အနီးပတ်ဝန်းကျင်ရှိ ကစို၊ မိကြောင်၊ နောင်ခလုံး၊ မိုးနှိုင်း၊ ဝင်းပရ၊ ထန်းတပင်၊ နောင်ဘိုကြီး၊ ရွာကိုင်းကောင်း၊ ကော့နွဲ၊ ငှက်ပျောတော၊ ဝင်းကမော့နှင့် ကမာခိုကျေးရွာများမှ ကျေးရွာပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခဲ့ကြသည်။

အခမဲ့ဆေးဝါး ကုသပေးမှုများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက လာရောက်အားပေးပြီး လူနာများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က မျက်စိဝေဒနာရှင်များအတွက် လှူဒါန်းသော မျက်မှန်များကို လှူဒါန်းတပ်ဆင်ပေးကြသည်။ တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်ပေးမှုများ၊ လူမှောင်ခိုတားဆီးကာကွယ်ရေး ပညာပေးဟောပြောမှုများကိုလည်း ပြုလုပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြား၊ အနှီးနှင့် အိုင်အိုဒင်းဆားထုပ်များ၊ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိုင်ကျုံတိုက်နယ်ပြည်သူ့ဆေးရုံ၌ ၂၄ နာရီမီးလင်းရေးအတွက် ဆိုလာပြားများ တပ်ဆင်ထားရှိမှုနှင့် ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပိုင်ကျုံတိုက်နယ်ပြည်သူ့ဆေးရုံ၌ အဖွဲ့ ၁၀ ဖွဲ့ဖြင့် အခမဲ့ဆေးဝါးကုသပေးရာတွင် လာရောက်ကုသသူ စုစုပေါင်း ၂၉၁ ဦးဖြစ်ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်အလက် ၅၀ ကို အခမဲ့တပ်ဆင်ပေးခဲ့သည်။

ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် အထူးကုဆရာဝန်ကြီးများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများဖြင့် ကျေးလက်ဒေသများသို့ လစဉ်ကွင်းဆင်း၍ ကျေးလက်နေပြည်သူများအား အခမဲ့ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။



ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု၏ တတိယအသုတ် ဘုရားဖူးနှင့် အပန်းဖြေလေ့လာရေးခရီးစဉ်၌ ဝန်ထမ်းမိသားစုများက ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ဆီမီး ၁၅၀၀ ထွန်းညှိပူဇော်စဉ်။ (မြန်မာ့အလင်း)

ရုပ်မြင်ခံစားရုပ်မြင်သံကြား အစီအစဉ်များ

MRTV-4

၅-၃-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ရတနာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **ဝိညာဉ်ပေါ်၌ သဿတဒိဋ္ဌိဖြစ်ပုံ၊ ဖြုတ်ပုံ** တရားတော် [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)]
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၁၁)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၈၈)
- ၁၀:၅၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၃)
- ၁၁:၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၁၁)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၈၈)
- ၃:၁၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၃)
- ၆:၀၀ MRTV-4သတင်း
- ၆:၄၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၁၂)
- ၈:၀၀ MRTV-4သတင်း
- ၉:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၈၉)
- ၁၀:၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၄)
- ၂:၂၅ **2D** ရဲတိုက်၊နေဇင်အောင်အောင်၊ ကေကေမိုးမြင့်၊ ဇင်ချိုခိုင်ဦး၊ ဝတီ (ဒါရိုက်တာ- Nova)
- ၄:၀၅ ခရီးပျော်တို့လမ်းညွှန်ရာ (ပုဂံခရီးစဉ်) (အပိုင်း -၃)

မြဝတီရုပ်မြင်သံကြား

၅-၃-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၅ တရားတော်
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

- ၄:၁၀ မျိုးချစ်တပ်မတော်
- ၅:၁၀ ဗီစီဒီကျော်ကြားတေး
- ၅:၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း ၈၅)
- ၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘာရစ်လီ** (အပိုင်း-၁၁)
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တမလွန်မှ ပြောသောစကား**(အပိုင်း-၁)

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ တရုတ်သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင် ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် အလုပ်အမှုဆောင်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် မတ် ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လယ်ယာသုံး စက်ကိရိယာများတင်သွင်းရေး၊ အထွက်တိုး Hybrid Seed များ စိုက်ပျိုးရေး၊ ဆန်ပို့ကုန်ပိုမိုတင်ပို့ရောင်းချရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်းမနေ ဦးအေး(ခ)ဦးဆိုက်ရာအားရည်စူး၍ ဇနီးဒေါ်လှမေနှင့် သားသမီး၊ မြေးတစ်စုတို့က ထာဝရ အထွေထွေ ပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း ထံပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းမိသားစု တတိယအသုတ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ် ဘုရားဖူးခရီးစဉ်ပို့ဆောင် ဝန်ထမ်းများ ဆီမီး ၁၅၀၀ ပူဇော်ပြီး အလှူငွေများလှူဒါန်း

နေပြည်တော် မတ် ၄

ဝန်ထမ်းများနှင့် မိသားစုများ စိတ်ချမ်းမြေ့ပျော်ရွှင်စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်ကာလုပ်ငန်းခွင်စွမ်းရည်ပိုမိုဖွံ့ဖြိုးစေရန် ရည်ရွယ်လျက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု၏ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး ဘုရားဖူးခရီးစဉ် တတိယအသုတ်အဖြစ် မတ် ၁ ရက်က ပို့ဆောင်ပေးခဲ့သည်။

မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးလှိုင်ဝင်း ဦးဆောင်လျက် ဝန်ထမ်းမိသားစု ၁၆၆ ဦးတို့သည် မတ် ၁ ရက်ညပိုင်းတွင် နေပြည်တော်ရှိ သတင်းစာတိုက်များ စုရပ်မှ စတင်ထွက်ခွာပြီး မတ် ၂ ရက် နံနက်ပိုင်းတွင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ စေတီတော်ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရန်အတွက် စုပေါင်းအလှူငွေ ငွေကျပ်နှစ်သိန်းငါးသောင်းကို စေတီတော်မြတ်ဂေါပက အလှည့်ကျဥက္ကဋ္ဌများ ဖြစ်ကြသော ဦးအောင်သန်းနှင့် ဦးဌေးဝင်းတို့ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ညပိုင်းတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့၏ ကူညီစီစဉ်ပေးမှုဖြင့် ဝန်ထမ်းမိသားစုများက ဆီမီး ၁၅၀၀ ထွန်းညှိကာ စေတီတော်အား ဆီမီးပူဇော်ခဲ့ကြသည်။ မတ် ၃ ရက်နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကာ ကျိုက်ထိုမြို့ ကျိုက်ပေါလောမှဲ့ရှင်စေတီတော်အား ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။

ယခုခရီးစဉ်သည် တတိယသုတ်ခရီးစဉ်ဖြစ်ပြီး မတ် ၉ ရက်တွင်လည်း စတုတ္ထသုတ် ခရီးစဉ်အဖြစ် ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဗိုလ်တထောင်မြို့နယ် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က သီရိမာလာဆောင်ကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယတန်းတွင် ပထမဆုရရှိခဲ့သော မမေဖူးပုံ (Grade-4(A)) အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးဝင်း ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

● *ရှေ့ဖုံးမှ*

ပန်းဂေါ်ဖီ သုံးဧကေ စိုက်ထားပါသည်။ ယခုပေါ်နေတဲ့ ပန်းဂေါ်ဖီကတော့ နတ်တော်လဆန်းက စစိုက်ခဲ့တာပါ။ တစ်ဧကကို အပင် ၁၀၀၀၀ စိုက်ပါတယ်။ စစိုက်ပြီး ရက် ၇၀ မှာ ဆွတ်ခူးရောင်းချပါတယ်။ ယမန်နှစ်က တစ်ပွင့်ကျပ် ၁၂၀ နှုန်း ရောင်းခဲ့ရပြီး ယခုနှစ်မှာ တစ်ပွင့်ကျပ် ၂၅၀ ဈေးနဲ့ ရာသီစခဲ့ပြီး ဖေဖော်ဝါရီလ ပထမပတ် တစ်ပွင့်ကို ကျပ် ၁၇၀ နဲ့ ရောင်းချပါတယ်။ ယမန်နှစ်ကထက် ဈေးကောင်းရပါတယ်။ တစ်ဧကမှာ စိုက်ရင်အရင်း ငွေကျပ် လေးသိန်းကျော် ကုန်ကျပြီး အသားတင်မြတ်ငွေကျပ် ၁၀ သိန်းလောက်ရပါတယ်" ဟု ဖြေကြားသည်။

စိုက်ခင်းများမှအပြန် ဘိုင်းဒါးကျေးရွာ၌ ပွဲရုံများသို့ သွားရောက်လေ့လာခဲ့ရာ ပွဲရုံတိုင်းတွင် ဒေသထွက်ကုန်ပစ္စည်းများဖြစ်သော ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ဖရဲသီး၊ ပြောင်းဖူး၊ ခရမ်းချဉ်သီးနှင့် အခြားဟင်းသီးဟင်းရွက်သစ်သီးဝလံများကို ကားကြီးကားငယ်အသွယ်သွယ်ဖြင့် တင်ပို့နေသည်ကိုတွေ့ရ၍ ကုန်သည်တစ်ဦးကို မေးကြည့်ရာ "ကျွန်တော့်နာမည် ဦးမြင့်ဝေပါ။ ကျွန်တော်ကတော့ ကိုယ်တိုင်လည်း စိုက်သလို တောင်သူတွေဆီကလည်း ဝယ်ပါတယ်။ ၈၅၅ ဖရဲမျိုးကို စိုက်ပျိုးပါတယ်။ မိုးစပါးအပြီး ဆောင်းရာသီကာလ တန်ဆောင်မုန်းလပြည့်ကျော်မှ စတင်စိုက်ပျိုးပါတယ်။ ရက်ပေါင်း ၇၅ ရက်ကြာရင် ခူးဆွတ်လို့ရပါပြီ။ နုနုရွရွအလုံးလှသည့် ၁၄၄ မျိုးများကိုမူ ပြည်တွင်းစားသုံးကုန်အတွက်သာ စိုက်ပျိုးပါတယ်၊ ယခုနှစ် ကျေးရွာတွေက ထွက်တဲ့ သီးနှံတွေက ဈေးကောင်းလို့ တစ်ဧကကို အကျိုးအမြတ် တော်တော်ရကြပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ လုံးပတ် ၃၀ လက်မခန့်၊ အရှည် ၁၈ လက်မခန့်ရှိ ဈေးကွက်ဝင်ဖရဲသီးကို လက်နှစ်ဖက်ဖြင့် ပွေ့ဖက်ပြသရင်း "ဒီဖရဲသီးတွေကို ဘိုင်းဒါးကျေးရွာကနေ မြန်မာ-တရုတ်နယ်စပ်မူဆယ်မြို့သို့ ပို့ပြီး ရောင်းချပါတယ်။ အခြားဟင်းသီးဟင်းရွက် သစ်သီးဝလံများကိုတော့ ပဲခူး၊ ရန်ကုန်၊ ဘားအံ၊ မော်လမြိုင်၊ သထုံမြို့တွေကို တင်ပို့ရောင်းဝယ်ကြတဲ့အတွက် ရောင်းသူဝယ်သူအားလုံး အဆင်ပြေကြပါတယ်" ဟု ဝမ်းသာအားရရှင်းပြသည်။

ညောင်လေးပင် မြို့နယ် ဘိုင်းဒါးကျေးရွာ စိုက်ခင်းများမှ ထွက်ရှိသော ဖရဲသီးများကို ရောင်းချနိုင်ရေးအတွက် ထွန်စက်ထွေလာများဖြင့် သယ်ယူနေကြသည့် မြင်ကွင်း။

ယခုအခါ ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာ တောင်သူများသည် စပါးသီးနှံအပြင် ဆောင်းသီးနှံ သစ်သီးဝလံများကို စိုက်ခင်းများအတွင်း ကွက်လပ်မကျန် စိုက်ပျိုးလျက်ရှိနေပေပြီ။ ရှုမဆုံးနိုင်သည့် သစ်သီးဝလံ စိုက်ခင်းကြီးများက လယ်ယာကဏ္ဍအားမာန်ကို ဖော်ကျူးလျက်ရှိနေပေပြီ။ ယင်းစိုက်ခင်းကြီးများကလည်း တောင်သူများ၏ လူမှုစီးပွားဘဝ စည်ပင်ဖွံ့ဖြိုးမှုအတွက် အားဖြည့်ပေးရန် အသင့်ရှိနေကြသည်။ ဤသည်တို့ကား လယ်ယာကဏ္ဍ၏ စွမ်းပကားကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရခြင်းပင်ဖြစ်သည်။ ။

ကချင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားလူငယ်များအား အသိပညာ၊ နည်းပညာများ ကျွမ်းကျင်တတ်မြောက်စေရန် ထူထောင်ပေးထားသည့် ပညာရေးအခြေခံအဆောက်အအုံများ

နည်းပညာတက္ကသိုလ် (မြစ်ကြီးနား) သည် ကချင်ပြည်နယ်၏ နည်းပညာဖွံ့ဖြိုးတိုးတက်မှု ဂုဏ်ဒြပ်ကို တိုးမြှင့်ထင်ဟပ်ပေးလျက်ရှိသည်။

ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်များ မိမိတို့၏ ပြည်နယ်အတွင်းမှာပင် အိုးမကွာ အိမ်မကွာဖြင့် အသိပညာ၊ အတတ်ပညာများကို လက်လှမ်းတမီ သင်ကြားတတ်မြောက်စေရန်အတွက် ဗန်းမော်မြို့နယ်တွင် တည်ဆောက်ပေးထားသည့် ဗန်းမော်တက္ကသိုလ်ကြီးကို ဤသို့ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

ဒေသခံတိုင်းရင်းသားလူငယ်များနည်းပညာများ ကျွမ်းကျင်တတ်မြောက်ပြီး နိုင်ငံတော်နှင့် ပြည်နယ်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တွင် တည်ဆောက်ပေးထားသော ကွန်ပျူတာတက္ကသိုလ်ကို တွေ့ရစဉ်။

ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့တွင် တည်ဆောက်ပေးထားသော မြစ်ကြီးနားတက္ကသိုလ်၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်။

ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်များ မြို့မခြား၊ နယ်မခြားဘဲ နည်းပညာများကို တတ်မြောက်စေရန်အတွက် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် တည်ဆောက်ပေးထားသော အစိုးရနည်းပညာကောလိပ် (မိုးညှင်း)ကို တွေ့ရစဉ်။

သတင်းမှတ်စု-မောင်ငြိမ်းအေး

ရွှေပါရမီကျန်းမာရေးအလှူ မေတ္တာဆေးခန်း မြဝတီမြို့၌ဖွင့်

ရန်ကုန် မတ် ၄

ကရင်ပြည်နယ် မြဝတီမြို့အတွင်းရှိ ဆေးဝါးကုသရန် အခက်အခဲဖြစ်နေကြသော ရောဂါဝေဒနာရှင်များအား လူမျိုးဘာသာမရွေး မေတ္တာဖြင့်ဆေးဝါးကုသပေးသွားရန် ရည်ရွယ်ချက်ဖြင့် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ ဦးဆောင်မှုဖြင့် ရွှေပါရမီကျန်းမာရေးအလှူ ရွှေပါရမီမေတ္တာဆေးခန်းကို ဖေဖော်ဝါရီ ၂၀ရက်က မြဝတီမြို့ အမှတ်(၁)ရပ်ကွက် မိုးကုတ်စက်ပိုင်းကျောင်းတိုက် ပရိဝုဏ်အတွင်း၌ဖွင့်လှစ်ရာ ဆရာတော်အရှင်ဆန္ဒာဓိက၊ မိုးကုတ်စက်ပိုင်းကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္ဒာစရိယ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်၊ ခရိုင်ဆရာဝန်ကြီး ဦးခင်မောင်မြင့်နှင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါဆေးခန်းတွင် ကြာသပတေးနှင့် တနင်္ဂနွေနေ့များတွင် မေတ္တာဆရာဝန် ၂၀တို့က အလှည့်ကျကျန်းမာရေးအလှူပေးသွားမည်ဖြစ်သည်။

အဆိုပါဆေးခန်းကို ရွှေပါရမီမေတ္တာတောရဆရာတော် အရှင်ဆန္ဒာဓိက၏ မတည်လှူဒါန်း ငွေကျပ် သိန်း၃၀ အပါအဝင် အလှူရှင်များလှူဒါန်းငွေကျပ်သိန်း ၂၀၀ကျော်ဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၄င်းဆေးခန်းသည် တတိယမြောက် ရွှေပါရမီကျန်းမာရေးအလှူ မေတ္တာဆေးခန်းဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဖေဖော်ဝါရီ ၂၆ ရက်က ကြည့်မြင်တိုင်မြို့နယ် ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(ပြင်ပဖြေ) အောင်ချက်မြင့်မားရေး သင်တန်းဆင်းပွဲတွင် သင်ကြားပြသပေးသော ဆရာမတစ်ဦးအား မြို့နယ်ပညာရေးမှူး ဦးသန်းရွှေ ဂုဏ်ပြုလက်မှတ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲ ဝါးခယ်မမြို့၌ကျင်းပ

ဝါးခယ်မ မတ် ၄

သိပ္ပံနည်းကျစိုက်စနစ် (၁၄)ချက်နှင့်အညီ နွေစပါးပုလဲသွယ် စပ်မျိုးစပါး စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ဝါးခယ်မမြို့နယ် လမ်းသမိုင်ရွာလေးကျေးရွာ တောင်သူ ဦးခင်မောင်ဆွေ၏ လယ်မြေသုံးဧကတွင် ကျင်းပကြသည်။ **(ယာပုံ)**

အဆိုပါ စုပေါင်းဓာတ်မြေဩဇာကြဲပက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသန်းအောင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ လမ်းသမိုင်ရွာကြီး၊ ကနစိုးကုန်း၊ လမ်းသမိုင်လေးစသည့် ကျေးရွာတို့မှတောင်သူလယ်သမားများ လာရောက်ကြည့်ရှုလေ့လာကြသည်။ ဝါးခယ်မမြို့နယ်အတွင်း နွေစပါးပုလဲသွယ် စပ်မျိုးစပါးကို အူကျွန်းကျေးရွာတွင် ခြောက်ဧက၊ ဦးကြီးတော်ကျေးရွာတွင် တစ်ဧက၊ ဘိုးဘေးအညာစုကျေးရွာတွင် သုံးဧက၊ လမ်းသမိုင်လေးကျေးရွာတွင် သုံးဧက စိုက်ပျိုးထားကြပြီးလာမည့် မိုးရာသီတွင် နွေစပါး ပုလဲသွယ် စပ်မျိုးစပါးများအား ကျေးရွာအသီးသီးတွင် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၃၉)**

စာဖတ်ရှိန်မြှင့်တင်ရေးဆုပေးပွဲ မအူပင်မြို့နယ်၌ ကျင်းပ

မအူပင် မတ် ၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ထနီးကျေးရွာတွင် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆုပေးပွဲ၊ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးငွေထွန်း၊ မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းတို့က ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ထနီးကျေးရွာ အလယ်တန်းကျောင်းခန်းမဆောင်၌ ဆုပေးပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ရှင်းလင်းပြောကြားပြီး မအူပင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သိန်း (ခြင်ကျား -မအူပင်)က စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကဗျာ၊ စာစီစာကုံးစာဖတ်စွမ်းရည်အကောင်းဆုံးဆုနှင့် ဒို့ကျေးရွာဂျာနယ် အများဆုံးဖတ်ရှုမှု ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး မအူပင်မြို့နယ်အတွင်းရှိ စံ(၅) ချက်ညီ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ငွေကျပ် ငါးသိန်း တန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးက ပေးအပ်လှူဒါန်းပြီးနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။ (၀၆၈)

ရွှေချောင်းတံတားအမှတ်(၁) တည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

ပခုက္ကူ မတ် ၄

ပခုက္ကူမြို့တွင် ရေဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ရွှေချောင်းတံတားအစားဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းအဖွဲ့-၃မှ ရွှေချောင်းတံတား အမှတ် (၁) ဆောက်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးစီမံကိန်းကြီးအဖွဲ့-၃က ရွှေချောင်းတံတားအမှတ်(၁)ကို ၂၀၁၂ခု ဖေဖော်ဝါရီ ၇ရက်က စတင်တည်ဆောက်ခဲ့သည်။ ပခုက္ကူ ရွှေချောင်းတံတား အမှတ်(၁)မှာ အရှည်ပေ ၉၀၀၊ တံတားအကျယ် ၂၄ပေ ယာဉ်နှစ်လမ်းသွားဖြစ်သည်။ လူသွားလမ်းအကျယ်တစ်ဖက် သုံးပေခြောက်လက်မနှစ်ဖက်ပါရှိမည် ဖြစ်သည်။ တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။ တံတားအမျိုးအစားမှာ အုတ်မြစ်နှင့် သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်ကိုယ်ထည်ဖြစ်သည်။ တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်သည်။ ရေလမ်းကင်းလွတ်အကျယ်မှာ ၇၂ ပေဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ကိုးပေကိုးလက်မ ဖြစ်သည်။

ပခုက္ကူ ရွှေချောင်းတံတား (၁)ကို ပခုက္ကူ-ရေစကြို-မုံရွာ ကားလမ်းမကြီးပေါ်တွင် တည်ဆောက်နေခြင်းဖြစ်သည်။ ရွှေချောင်းတံတားအမှတ် (၁)ပြီးစီးသွားပါက ပခုက္ကူ ဒေသထွက်ကုန်များကို ရေစကြို၊ မုံရွာ၊ မန္တလေးမြို့များသို့ အလွယ်တကူ တင်ပို့ရောင်းချပေးနိုင်မည်ဖြစ်၍ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်လာမည် ဖြစ်သည်။ အဆိုပါ ရွှေချောင်းတံတားအမှတ်(၁) ပြီးစီးပါက ရွှေချောင်းတံတား အမှတ်(၂)ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၀၁၂)

ဖေဖော်ဝါရီ ၂၈ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် International Conference on Computer Applications (ICCA 2012)ပွဲတွင် Inya Land နည်းပညာကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးအောင်ဇေယျာလွင်က Cloud Computing Trends and Possibilities For Myanmar စာတမ်းဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ဂုဏ်ပြုပွဲနှင့်ပျော်ပွဲရွှင်ပွဲ ကျင်းပ

ကျိုက်ထို မတ် ၄

ကျိုက်ထိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးကြပ်ပြီး ဖွင့်လှစ်ထားသော ကျိုက်ထိုမြို့မ မူလတန်းကြိုကျောင်းမှ မြို့နယ်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သော မူလတန်းကြို ကျောင်းသား ကျောင်းသူလေးများအား ဂုဏ်ပြုပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀နာရီက အဆိုပါ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌဦးရွှေအောင်က အမှာစကားပြောကြားပြီး ကံ့ကော်ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျောင်းပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း

စာတည်းထံပေးစာများ

ညှော်နံ့ ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၀)ရပ်ကွက် ရတနာလမ်းမပေါ်နှင့် အဝေရာ(၂)လမ်း သွယ်ထိပ်တွင် ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်မှ ကြော်လှော်နံ့များကြောင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သူ**

ရေမြောင်းပေါ်မှ ဈေးဆိုင်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ရွှေရည်လမ်းမကြီး ငမိုးရိပ် (၇)လမ်းမှ (၁၀)လမ်းထိ လမ်းတစ်လျှောက်တွင် ဈေးဆိုင်များသည် ရေမြောင်းကို မေးတင်ဆောက်လုပ်ထားခြင်းကြောင့် ရေမြောင်းများ ဆည်ယူနိုင်ခြင်းမရှိဘဲ ပိတ်ဆို့နေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် အရေးပေါ်ယာဉ်များ ဝင်ထွက်သွားလာရန် အခက်အခဲရှိပါ၍ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာသန့်ရှင်းလိုသူ**

ကားဘော်ဒီထုရိုက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

သင်္ဃန်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် သမာဓိ(၄)လမ်းရှိ ကားဘော်ဒီရုံနှစ်ရုံမှ ထုရိုက်သံများ၊ ဂဟေဆက်သံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် လေအိုးမီးအိုးများကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် အဆိုပါကားဘော်ဒီရုံနှစ်ရုံကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

စီးပွားဖြစ်ဝက်မွေးမြူခြင်းအား ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၆) ရပ်ကွက် ရွှေပြည်အေးလမ်း(အောင်ဇေယျလမ်း)ရှိ အိမ်တစ်အိမ်တွင် ဝက်များကို စီးပွားဖြစ်မွေးမြူထားရာ ဝက်ချေးနံ့များကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့မခံနိုင်သူ**

မြန်မာ့အလင်း မှုခင်းသတင်း ၄-၃-၂၀၁၂

ရပ်ထားသောကားကို ဆိုင်ကယ်ဝင်တိုက်

ဖေဖော်ဝါရီ ၂၇ ရက် ည ၁၁ နာရီ မိနစ်၅၀ ခန့်က မြင်းမူမြို့နယ် အလ္လကပ္ပရွာအနောက်ဘက်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး မြင့်စိုးနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးကြည့်ရှုရာ အလ္လကပ္ပရွာအနောက်ဘက် မြင်းမူ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၅၀/၀ နှင့် ၅၀/၁ ကြားတွင် မုံရွာဘက်မှ မြင်းမူဘက်သို့ နိုင်ထွန်းမောင်းနှင်ပြီး အောင်ဇင်မြင့် အနောက်မှ လိုက်ပါသည့် ဆိုင်ကယ်အမှတ် ၁၇ယ/. . . သည် ဘီးပေါက်၍ လမ်းဘေးရပ်တန့်ပြုပြင်နေသည့် ကျောက်သဲကားအား ဝင်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းသူ နိုင်ထွန်းအသက် (၃၁) နှစ် ပရိဘောဂလုပ် ကုလားမတောင်ရွာ ပုသိမ်ကြီးမြို့နယ် နေသူမှာ အခင်းဖြစ်သည့်နေရာတွင် သေဆုံးသွားခဲ့ပြီး နောက်မှ လိုက်လာသူ အောင်ဇင်မြင့် အသက် (၂၀) (ဘ) ဦးမောင်ဆွေ ပရိဘောဂလုပ် ရွာသစ်ရွာ ပုသိမ်ကြီးမြို့နယ် နေသူမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း သိရှိရသည်။ **(၀၇၉)**

၁၂ ဘီးကားနှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက် ယာဉ်မောင်းထွက်ပြေး၊ ဆိုင်ကယ်သမားနှစ်ဦးသေဆုံး

ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၄ နာရီခွဲခန့်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုး-ကော့ကရိတ်လမ်းတွင် ဆန်နီ(ခ)တင်ရွှေမောင်းနှင်သော ၁၂ ဘီးကား အမှတ် ၈ဈ/. . . . နှင့် မြဝတီမှ ထွက်ခွာလာသော နံပါတ်မဲ့ ဝေ့(အယ်ဖာ)ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။

ထွက်ပြေးတိမ်းရှောင်

ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးစလုံးသည် ရရှိသောဒဏ်ရာများဖြင့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့ကြသည်။ ယာဉ်တိုက်မှုဖြစ်ပြီးနောက် ၁၂ ဘီးယာဉ်မောင်းမှာ ကားကိုဆက်လက်မောင်းပြေးပြီး ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ **(၁၀၉)**

စိုက်ပျိုးရေးပညာရပ်ကို အခြေခံပညာကျောင်းများတွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ စတင်သင်ကြားတော့မည်

ရန်ကုန် မတ် ၃

နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်အခြေခံလိုအပ်ချက်ဖြစ်သော လယ်ယာလုပ်ငန်းခွင်အတွင်း တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးပညာရပ်များ ကျေးလက်ဒေသမကျန် ပျံ့နှံ့ရောက်ရှိရေးလုပ်ငန်းတာဝန်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ရန် နိုင်ငံတော်သမ္မတက လမ်းညွှန်ခဲ့ကြောင်း သိရှိရသည်။

ဖြန့်ကြက်သင်ကြား

ယင်းလမ်းညွှန်ချက်အရ မိမိတို့တတ်ကျွမ်းသော ပညာရပ်များကို လယ်ကွင်းထဲအရောက်ပို့၍ တောင်သူလယ်သမားများ၏အကျိုးကို လက်တွေ့ထမ်းဆောင်ရန်အတွက် စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့်ပညာရှင်များသည် အစိုးရသစ်စတင်တာဝန် ထမ်းဆောင်သည့်ကာလမှ ကိုးလတိုင်တိုင် အကြိမ်ကြိမ် ပေါင်းစပ်ညှိနှိုင်းရေးဆွဲပြုစုခဲ့ကြသည်။ ယင်းသို့ ရေးဆွဲပြုစုတင်ပြလာခဲ့သော စိုက်ပျိုးရေးသင်ခန်းစာများကို သူငယ်တန်းမှဒသမတန်းအထိ လာမည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးကျယ်ပြန့်စွာ ဖြန့်ကြက်သင်ကြားပေးတော့မည်ဟု သိရှိရသည်။

"အကြားအလပ်မကျန် အခြေခံပညာ စိုက်ပျိုးရေးဘာသာရပ်များကို သားသမီးများမှတစ်ဆင့် လက်ဆင့်ကမ်းပြီး တောင်သူလယ်သမားများ လက်တွေ့အသုံးပြုနိုင်တော့မည်ဖြစ်ကာ ကျေးလက်ဒေသတောင်သူလယ်သမားများ၏ သားသမီးများအနေဖြင့် မိဘ၏ လက်ငုပ်လက်ရင်း လယ်ယာလုပ်ငန်းခွင်အတွင်း ထိရောက်စွာ စိုက်ပျိုးရေးပညာရပ်များဖြင့်မိဘအား ကူညီဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ လိုအပ်ချက်တစ်ခုကို ထိရောက်စွာ ဖြည့်တင်းနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းရေးလုပ်ငန်းတာဝန်များအား စိုက်ပျိုးရေးပညာရပ်များဖြင့် လက်တွေ့အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ကြောင်း" ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခုသင်ကြားမည့် အစီအစဉ်အပေါ် မှတ်ချက်ပြု ပြောကြားသည်။

လေးစားဂုဏ်ပြု

လာမည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ကျေးလက်ဒေသမကျန် နိုင်ငံနှင့်အဝန်း အကြားအလပ်မကျန် သင်ခန်းစာများလက်တွေ့ သင်ကြားနိုင်ရေး ဆက်လက်အကောင်အထည်ဖော်သွားမည်ဟုလည်း သိရှိရသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက "ပညာရေးနှင့် သုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ရင်းနှီးမြှုပ်နှံမှုဖြစ်သည်နှင့်အညီ ယခုကဲ့သို့ တောင်သူလယ်သမားများကို တိုက်ရိုက်ထိထိရောက်ရောက် အကျိုးပြုနိုင်မည့် စိုက်ပျိုးရေးပညာရပ်များကို ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံ ပညာ မူ၊ လယ်၊ ထက်ကျောင်းများတွင် သင်ကြားခွင့်လမ်းညွှန်ပေးသည့် နိုင်ငံတော်သမ္မတအပါအဝင် သင်ခန်းစာများကို ပြည့်စုံစွာဖြင့် အချိန်ကိုက် ပြုစုအပ်နှံပေးသည့် တက္ကသိုလ်မှ ပညာရှင်ကြီးများအား အထူးလေးစား ဂုဏ်ပြုပါကြောင်း " ပြောဆိုသည်ကိုလည်း သိရှိရသည်။

အခြေခံပညာ ကျောင်းများတွင် သင်ခန်းစာ စာစောင်များအချိန်မီဖြန့်ဝေနိုင်ရေးကို မြန်မာနိုင်ငံဆန်စပါးအသင်းနှင့် လုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ထွန်း-သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ သုံးခွမြို့နယ်၌ ရှင်းလင်းပြောကြား

ရန်ကုန် မတ် ၄

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများ၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အထက(၁) ခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြင့်ကြည်(**ယာပုံ**)က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို၊ သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝိတ်တို့က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အလားတူ သိုက်တူးကန်စံပြကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးတွင်လည်း ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၁၁ ရက်က ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၂) စီမံချက်အရ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ကျောက်တစ်လုံးကျေးရွာတွင် ကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူး ဦးသောင်းဇော်က ကျေးရွာသားတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။
(မြန်မာ့အလင်း)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

ကော့ကရိတ်မြို့နယ် မီးသတ်ဦးစီး ဌာန၏ အခြေခံ မီးသတ်ပညာနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း (၁/၂၀၁၂) ဆင်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က မြို့နယ်မီးသတ် ဦးစီး ဌာန တွင် ကျင်း ပ ရာ အခမ်းအနားတွင် သင်တန်းသားများက အမြင့်မှ သက်ကယ်ကြိုးဖြင့် ဆင်းခြင်း စွမ်း ရည် ကို ပြသကြစဉ်။
(မြို့နယ်မီးသတ်)

❖ *ကျောဖုံးမှ*

ရုပ်ရှင်မင်းသမီး ကင်တေဟီးသည် ဒေ့ါစ်ဒူးကုမ္ပဏီမှ ရိုက်ကူးရေးအဖွဲ့များနှင့်အတူ ဆွစ်ဇာလန်နိုင်ငံသို့ မကြာမီ သွားရောက်ကာ စီးပွားရေးကြော်ငြာနှင့် မော်ဒယ်လ်လုပ်ငန်းများ ရိုက်ကူးမည်ဖြစ်သည်။ ကင်တေဟီးသည် ပြီးခဲ့သည့်နှစ်က ဂျပန်ရုပ်ရှင်မင်းသား နီရှိဂျီမာဟီဒီတိုရှိနှင့် တွဲဖက်၍ 99 Days with a Star အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ တစ်ခု၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။
(အင်တာနက်)

တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်း ဘက်စုံပညာထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ဘက်စုံထူးချွန်ဆုများ ရရှိသော တတိယတန်း(က)မှ မကုဋ္ဌေသက်ပိုင်မှူးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာအေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ဝ၄၄)

■ *ကျောဖုံးမှ*

ဒလမြို့ ဒိုင်လမ်းရှိ ပင်လယ်နှမ်းအဝယ်ဒိုင်တွင် တစ်ပိဿာ ငွေကျပ် ၂၁၅၀ ဈေးနှုန်းဖြင့် ဝယ်သည်။ "မနှစ်က တစ်ပိဿာကို ငွေကျပ် ၅၀၀၀ ကျော်ထိရှိပြီး ယခုနှစ် အရမ်းဈေးကျသွားတယ်" ဟုထိုအဝယ်ဒိုင်မှ တာဝန်ခံကပြောပြသည်။ ရန်ကုန် ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်းရှိ ပရဆေးဆိုင်များနှင့် မရမ်းကုန်းကံ့ကော်လမ်းရှိ ဘုရင့်နောင် ပွဲရုံများတွင်လည်း သွားရောက်ရောင်းချကြကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

◆ *ကျောဖုံးမှ*

ဂိုးသမားတို့ ပွဲပြီးသည်အထိ ကြံ့ကြံ့ခံကာကွယ် ဖျက်ထုတ်နိုင်ခဲ့သဖြင့် ဂိုးမရှိသရေ ရလဒ်ထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ယခုပွဲ သရေကျခဲ့သော်လည်း မြန်မာအသင်းသည် လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၀ မှတ်ဖြင့် ရှုံးပွဲမရှိ အုပ်စုဗိုလ်ဖြစ်ခဲ့ပြီး ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့သည့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ပွဲတွင် အင်ဒိုနီးရှားက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးအုပ်စု ဒုတိယနေရာရရှိသွားခဲ့သည်။

တစ်ဖက်အုပ်စု(ခ)တွင် ဗီယက် နမ်လူငယ်က ရမှတ်(၁၀)မှတ်ဖြင့် အုပ်စု ဗိုလ်ဖြစ်သွားခဲ့ပြီး အိမ်ရှင် ဘရူနိုင်းနှင့် တီမောတို့ပွဲတွင် သရေကျရုံဖြင့် ဘရူနိုင်းအသင်းမှာ ဆီမီးဖိုင်နယ် တက်ခွင့်ရနိုင်မည် ဖြစ်သည်။ မြန်မာအသင်းမှာ အုပ်စု(ခ)ဒုတိယရနိုင်ဖွယ် ရှိနေသည့် အိမ်ရှင်ဘရူနိုင်း(သို့မဟုတ်) အနိုင်ရလျှင် ဆီမီးတက်ခွင့်ရမည့် တီမောအသင်းနှင့်ဆုံတွေ့ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဘရူနိုင်း၊ အရှေ့တီမောအသင်းတို့နှင့် ဆုံတွေ့ခဲ့ဖူးသည့် သမိုင်းတစ်လျှောက် အနိုင်ရလဒ်များသာ ထွက်ပေါ်ခဲ့သည့် မှတ်တမ်းကောင်းများရှိထားသည်။ မြန်မာအသင်းသည် လာမည့် မတ် ၇ ရက်တွင် ပထမအကြို ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း ဘဝအမောပြေ

အိမ်ထောင်ဖက်

အာကာဟိန်း-ရေးသားသည်။

အိမ်ထောင်ပြုလိုစိတ်ပြင်းပြနေသော သားဖြစ်သူအား ဖခင်ဖြစ်သူက မေးမြန်းလေသည်။

ဖခင် ။ ။ **သား·····အိမ်ထောင်ပြုချင်နေပြီလား။**
သား ။ ။ ဟုတ်ကဲ့။
ဖခင် ။ ။ **ဘယ်လိုမိန်းကလေးမျိုးကို တွေ့ထားလို့လဲ။**
သား ။ ။ ရှာဖွေနေတုန်းပါ။
ဖခင် ။ ။ **ဘယ်လိုမိန်းကလေးမျိုးကို ရှာနေတာလဲ။**
သား ။ ။ ပညာတတ်၊ ရုပ်ချော၊ ဥစ္စာပေါရမယ်။
ဖခင် ။ ။ **အင်း။**
သား ။ ။ ပြီးတော့ အသက်လည်းငယ်ပြီး ကျွန်တော့်အပေါ်ကြင်နာတတ်တဲ့သူဖြစ်တဲ့အပြင် စိတ်ထားကောင်းတဲ့သူဖြစ်ရမယ်၊ ပြောရရင် အဖေရာ ခြောက်ပစ်ကင်းသဲလဲစင်ဖြစ်ရမယ်။
ဖခင် ။ ။ **အဲဒီမိန်းကလေးမျိုးဆိုရင် မရှာနဲ့တော့သား။**
သား ။ ။ ဘာဖြစ်လို့လဲ၊ အဖေ ရှာတွေ့ထားလို့လား။
ဖခင် ။ ။ **မဟုတ်ဘူး၊ အဲဒီလိုမိန်းကလေးမျိုးက အခုလည်းမမွေးသေးဘူး၊ နောင်လည်း မွေးလာမှာ မဟုတ်ဘူး။**
သား ။ ။ "ဗျာ"

ဗန်းမောက်မြို့၌ ကျောင်းဆောင်သစ်ပေးအပ်ပွဲကျင်းပ

ဗန်းမောက် မတ် ၄

ကသာခရိုင် ဗန်းမောက်မြို့နယ် လုံးကင်းရွှေကျောင်းအုပ်စု ညောင်ကိုင်းကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းခွဲဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း မုခ်ဦးရှေ့၌ကျင်းပရာ ကျောင်းဆိုင်းဘုတ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမှိုင်းညို၊ ညောင်ကိုင်းကျေးရွာ အခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စိန်၊ မြို့မမူလွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုတင်နှင့် ရပ်မိရပ်ဖ ဦးမောင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ **(အောက်ပုံ)**

ထို့နောက် ရပ်မိရပ်ဖဦးမောင်လှိုင်က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ကာ တက်ရောက်လာကြသူများက အလှူငွေများ၊ ကျောင်းသုံးပစ္စည်းများနှင့် အထိမ်းအမှတ်အလံများကို ပေးအပ်ခဲ့ကြကြောင်းသိရှိရသည်။
(မြို့နယ် ပြန်/ဆက်)

5-3 (11).pmd 1 3/5/2012, 2:58 AM

ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားများကျင်းပ

နေပြည်တော် မတ် ၄

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

စက်ခလုတ်နှိပ် လျှပ်စစ်စတင်ပို့လွှတ်

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် အလျင်လိုကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားတွင် စက်ခလုတ်နှိပ်၍ လျှပ်စစ်စတင်ပို့လွှတ်ပေးစဉ်။ (သတင်းစဉ်)

အလျင်လိုကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်သန်း၊ ကျေးရွာမီးလင်းရေးကော်မတီမှ ဦးမြမောင်နှင့် ရပ်မိရပ်ဖ ဦးဝင်းငွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အောင်ချမ်းသာကျေးရွာ၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်၊ ကျေးရွာမီးလင်းရေးကော်မတီမှ ဦးဝင်းအောင်နှင့် ရပ်မိရပ်ဖ ဦးဝင်းငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားများတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က စက်ခလုတ်နှိပ်၍ လျှပ်စစ် စတင်ပို့လွှတ်ပေးပြီး လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ထားရှိမှုများ၊ နေအိမ်များ၌ လျှပ်စစ်မီးရရှိအသုံးပြုမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က အလျင်လိုကျေးရွာ မီးလင်းရေးအတွက် နေပြည်တော်ကောင်စီမှ ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ ကို လည်းကောင်း၊ အောင်ချမ်းသာကျေးရွာ မီးလင်းရေးအတွက် နေပြည်တော်ကောင်စီမှ ထောက်ပံ့ငွေကျပ် သိန်း ၈၀ ကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းရာ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌများက လက်ခံကြသည်။

နေပြည်တော်ကောင်စီ၏ ထောက်ပံ့ငွေများ ကူညီပံ့ပိုးမှု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ဦးဆောင်စည်းရုံးမှုတို့ဖြင့် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာ၌ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံးဖြင့် အိမ်ခြေ ၂၄၅ လုံးကို လည်းကောင်း၊ အောင်ချမ်းသာကျေးရွာ၌ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် အိမ်ခြေ ၂၄၁ လုံးကို လည်းကောင်း ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဖောင်ပိတ် နိုင်ငံတကာအားကစား

မောင်မောင်မြင့်ဆွေ – ရေးသားသည်

ပရီမီယာလိဂ်ပွဲစဉ် (၂၇) ယှဉ်ပြိုင် မန်ယူတို့ စပါးကွင်း၌ အောင်ပွဲခံ

လန်ဒန် မတ် ၄

ပရီမီယာလိဂ်ပွဲစဉ် (၂၇) ၏ နောက်ဆုံးလက်ကျန်ပွဲအဖြစ် စပါးနှင့် မန်ယူအသင်းတို့ မတ် ၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ မန်ယူက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တန်းစီဇယား ဒုတိယနေရာ၌ပင် ဆက်လက်ရပ်တည်နေခဲ့သည်။



စပါးနှင့် မန်ယူတို့ပွဲတွင် မန်ယူကွင်းလယ်ကစားသမား နာနီ (ဝဲ) က ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

တန်းစီဇယားထိပ်ဆုံးမှ မန်စီးတီးကို ကျော်လွန်ရန် နိုင်ပွဲလိုအပ်နေသော မန်ယူတို့ ပွဲအစပိုင်း၌ စပါးတို့၏ ဖိအားပေးကစားမှုကို ခံနေခဲ့ရသည်။ စပါးတို့ အကွက်စေ့စေ့ဖြင့် ကစားနိုင်သော်လည်း ပွဲချိန် ၄၄ မိနစ်၌ ရွှန်နေက အနီးကပ်ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

ကန်သွင်းယူ

ဒုတိယပိုင်း ပွဲချိန်တွင်လည်း မန်ယူကစားကွက်ထိန်းပြီးကစားနေရာမှ ပွဲချိန် မိနစ် ၆၀ ၌ အက်ရှလေယောင်းက စပါးဂိုးဧရိယာအတွင်းမှ မြေမကျဘောကန်သွင်းယူခဲ့ရာမှ မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။ ဆက်လက်ပြီး မန်ယူတို့ ထိုးဖောက်ကစားခဲ့ရာမှ ပွဲချိန် ၆၈ မိနစ်၌ စပါးဂိုးဧရိယာအစပ်မှ အက်ရှလေယောင်း ကန်သွင်းယူခဲ့ပြီးမှ ဂိုးရရှိခဲ့သဖြင့် မန်ယူတို့ တတိယဂိုး ရရှိခဲ့ပြန်သည်။

သို့သော် ပွဲချိန် ၈၇ မိနစ်၌ စပါးတိုက်စစ်မှူး ဒီဖိုးက ချေပဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ စပါးတို့ ချေပဂိုးထပ်မသွင်းနိုင်ခဲ့သဖြင့် မန်ယူတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

တစ်ဖန် နယူးကာဆယ်နှင့် ဆန်းဒါးလန်းတို့ပွဲတွင် တစ်ဂိုးစီ သရေပွဲဖြစ်ပြီး တစ်မှတ်စီ ခွဲယူခဲ့ကြသည်။ ဖူလ်ဟမ်နှင့် ဝုဗ်တို့ပွဲတွင် ဖူလ်ဟမ်တို့က ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ။ **(အင်တာနက်)**

2012 Hassanal Bolkiah Trophy ပြိုင်ပွဲ မြန်မာ ယူ-၂၁ ဘောလုံးအသင်း ဆီမီးဖိုင်နယ်သို့တက်

သတင်းမှတ်စု

ဇော်မင်းအောင်

မြန်မာယူ-၂၁ ဘောလုံးအသင်းသည် အုပ်စု(က)နောက်ဆုံးပွဲစဉ်အဖြစ် စင်ကာပူလူငယ်အသင်းနှင့် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်က ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီ ဘီဂါဝန်မြို့ရှိ Track and Field Sports Complex ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့ပြီး အုပ်စုပထမနေရာမှ ဆီမီးဖိုင်နယ်သို့ တက်ရောက်



မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

သွားခဲ့သည်။ မြန်မာအသင်းသည် ယနေ့ပွဲစဉ်တွင် မိုင်အိုက်နိုင်၊ ကောင်းစည်သူ၊ ပြည့်ဖြိုးဦး၊ ကျော်ဇေယျာဝင်း၊ ကြည်လင်း စသည့် အမာခံဘောလုံးသမားများနှင့် ပွဲထွက်လာခဲ့ပြီး ကျော်ကိုကို၊ ဇော်မင်းထွန်း၊ ရန်အောင်ဝင်း စသည့် ကစားသမားများကို ဒဏ်ရာကြောင့် အရန်လူစာရင်းတွင်သာ ထားရှိခဲ့သည်။

မြန်မာအသင်းသည် တတိယပွဲစဉ်ပြီးကတည်းက ဆီမီးတက်ခွင့်ရပြီးဖြစ်သော်လည်း စင်ကာပူအသင်းကို ယခင်ပွဲများကဲ့သို့ပင် အနိုင်ရရှိရေးအတွက် အားစိုက်ခဲ့ပြီး ပြိုင်ဘက်နောက်တန်းနှင့်

စာမျက်နှာ ၁၁ ကော်လံ ၄ ◆

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ကင်တေဟီး ဂျပန်ကုမ္ပဏီနှင့် ကြော်ငြာရိုက်ကူးမည်

မောင်ချစ်ကြည် ရေးသည်

တိုကျို မတ် ၄

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ကင်တေဟီးအား ဂျပန်နိုင်ငံ ဒေါ့စ်ဒူးကုမ္ပဏီက စီးပွားရေးလုပ်ငန်းကြော်ငြာနှင့် မော်ဒယ်လ်အဖြစ် သရုပ်ဆောင်ရန် ရွေးချယ်လိုက်ကြောင်း မတ် ၃ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၃၀ အရွယ်ရှိ ကင်တေဟီးသည် Stairway to Heaven, Love Story in Harvard, Iris နှင့် My Princess ဇာတ်ကားများဖြင့် လူကြိုက်အများဆုံး ရုပ်ရှင်မင်းသမီးဖြစ်ခဲ့သူဖြစ်သည်။ **(ယာပုံ)**

ပြန်လည်ရွေးချယ်

ရုပ်ရှင်မင်းသမီးကင်တေဟီးသည် ၂၀၀၅ ခုနှစ်ကပင် ဒေါ့စ်ဒူးကုမ္ပဏီနှင့် ကြော်ငြာလုပ်ငန်းများ လုပ်ကိုင်လာခဲ့သူ ဖြစ်သည်။ ထို့နောက်ပိုင်း အဆိုပါကုမ္ပဏီသည် ဂျပန်ရုပ်ရှင်မင်းသမီးများဖြင့် ကြော်ငြာများ ရိုက်ကူးနေခဲ့ရာမှ ယခုအခါ ကင်တေဟီးကို ပြန်လည်ရွေးချယ်ကာ ရိုက်ကူးရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။ *စာမျက်နှာ ၁၁ ကော်လံ ၃* ❖

သဘာဝအလေ့ကျပေါက်ပင် ဈေးကွက်ဝင် ပင်လယ်နှမ်း

သတင်းမှတ်စုနှင့်ဓာတ်ပုံ ➤ သန်းဌေး(ဒလ)

ရန်ကုန် မတ် ၄

ဒလမြို့နယ်၌ ယခုတလောတွင် ပင်လယ်နှမ်းအပင်၏ အသုံးဝင်မှုအရင်းအမြစ်ကို သိရှိ၍ သဘာဝအလေ့ကျပေါက်ပင် တစ်မျိုးဖြစ်သော ပင်လယ်နှမ်း (မိချောင်းကွမ်းဖတ်) ကို ဒေသခံအချို့က ရှာဖွေ စုဆောင်းကာ ဈေးကွက်သို့ တင်ပို့ရောင်းချနေကြသည်။ **(အောက်ဝဲပုံ)**

"မိချောင်းကွမ်းဖတ်ပင်က ပြာသိုလလောက်ဆို ရင့်မှည့်လာတယ်။ အားတဲ့အချိန်မှာ ဝင်ငွေရအောင် ရှာဖွေရိတ်သိမ်းစုဆောင်းရတယ်။ မျိုးမပြုန်းအောင် ပင်ရင်းအသီးအချို့ ချန်ထားခဲ့တယ်။ အသီးခြောက်သွားအောင် နေလှန်းထားရတယ်။ ပင်လယ်နှမ်းစေ့ရအောင် မီးအရှိန်နဲ့



အပင်စည်းငယ်များကို မီးမြှိုက်၍ အစေ့ထုတ်ယူရတယ်။ ဆေးဖက်လည်းဝင်တယ်" ဟု လုပ်ကိုင်နေသူ အိမ်ရှင်မက ပြောပြသည်။

တစ်ယောက်လျှင် ပိဿာ ၂၀၊ ၃၀ ခန့် ရရှိကြသည်။ ထိုအပင်မှာ ဒီရေရောက်နေရာ ရိုးတစ်လျှောက်နှင့် မြေလွတ်ကွင်းများ၊ ကန်သင်းရိုးများတွင် အပင်ပေါက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ■

5-3 (20).pmd 1 3/5/2012, 2:58 AM